# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ စနေနေ့။ Saturday, 10 December 2022 ၁၀၉၄၅


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံမှ ထိခိုက်စေနိုင်သည့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရေးသည် အလွန်အရေးကြီး

### အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အနှစ်သာရသည် အများပြည်သူ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရန်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ကြေးမုံ

# လူ့အခွင့်အရေးကို အစဉ်တန်ဖိုးထားလေးစား

လူ့အခွင့်အရေးသည် လူသားအားလုံး ရပိုင်ခွင့်ရှိသည့် ပစ်ပယ်၍မရသော မွေးရာပါအခွင့်အရေးဖြစ်သည်။ သို့သော်လည်း မိမိတို့၏ အခွင့်အရေးများကို ရရှိခံစားရာ၌ သူတစ်ပါး၏အခွင့်အရေးများကိုလည်း လေးစားတန်ဖိုးထားပြီး ထိခိုက်နစ်နာဆုံးရှုံးမှုမရှိရလေအောင် ကျင့်သုံးခြင်းမှသာ လူ့အခွင့်အရေး၏ အရေးပါသော၊ အဓိပ္ပာယ်ရှိသည့် အနှစ်သာရကို ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ပြီး ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။ လွတ်လပ်ရေးရပြီးများမကြာမီ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပြုလုပ်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ရေး အဖွဲ့ဝင်နိုင်ငံများက မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ထောက်ခံမဲပေးခဲ့သည်။ မဲခွဲဆုံးဖြတ်မှုရလဒ်အရ ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ခဲ့ရာ ထုတ်ပြန်ခဲ့သည့် ဒီဇင်ဘာလ ၁၀ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီး၌ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ပြုလုပ်ကျင်းပကြပြီး မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာအသိုက်အဝန်းနှင့်အတူ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကို တန်ဖိုးထားလေးစားပြီး ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များနှင့်အညီ တစိုက်မတ်မတ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓစိုရ်တရားလက်ကိုင်ထားသောနိုင်ငံဖြစ်သည့်အပြင် တစ်ဦးအပေါ်တစ်ဦး မေတ္တာထားပြီး ရိုင်းပင်းကူညီလေ့ရှိသည့် ဓလေ့စရိုက်အစဉ်အလာများရှိသည်။ မြန်မာတို့၏ ဓလေ့ထုံးစံအစဉ်အလာအတိုင်း နိုင်ငံတော်အစိုးရအနေဖြင့် လူသားတိုင်း ရရှိခံစားပိုင်ခွင့်ရှိသည့် အခွင့်အရေးများ၊ လူသားအချင်းချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တို့တွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပြီး ယင်းစာချုပ်များနှင့်ဆက်စပ်သည့် နောက်ဆက်တွဲ သဘောတူစာချုပ်အချို့တွင်လည်း ပါဝင်ချုပ်ဆိုခဲ့ကာ စာချုပ်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိသည်။

“လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်”ဟူသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၁)ပါ ဖော်ပြချက်သည် တန်ဖိုးထားလေးစားလိုက်နာရမည့်အချက်ဖြစ်သည်။ တန်းတူညီမျှရေးနှင့် ခွဲခြားဆက်ဆံမှုမရှိရေးတို့သည် လူ့အခွင့်အရေး၏ အခြေခံအကျဆုံးသော အနှစ်သာရများဖြစ်သည့်အတွက် ကဏ္ဍအသီးသီးတွင် မညီမျှမှုများနှင့် ခွဲခြားဆက်ဆံမှုများမရှိစေရေးကို ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်သူပြည်သားများ၏ လူ့အခွင့်အရေးများ တန်းတူခံစားရရှိနိုင်ရေးနှင့် မညီမျှမှုများလျော့ကျစေရေးတို့အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အပါအဝင် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့နှင့်အတူ ချိတ်ဆက်ပူးပေါင်း၍ အားထုတ်ကြိုးပမ်းလျက်ရှိသည်။

ပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများကို တန်းတူညီမျှ အပြည့်အဝခံစားရရှိပြီး လူမှုဘဝမြင့်မားလာစေရေးနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရေးမှာ အဓိကကျသည်။ နိုင်ငံအတွင်း ငြိမ်းချမ်းသာယာဝပြောရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များကို အလေးထားအကောင်အထည်ဖော်လျက်ရှိပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို သာတူညီမျှ ရရှိခံစားနိုင်ရေးအတွက် မျှော်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးအခြေအနေများ ဟန်ချက်ညီညီ မြင့်မားလာစေရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သတင်းမီဒီယာအဖွဲ့အစည်းများအားလုံး ပါဝင်ဆောင်ရွက်ကြကာ တန်းတူညီမျှမှုရှိရေး၊ အားလုံးပါဝင်နိုင်ရေးနှင့် ခွဲခြားဆက်ဆံမှုမရှိရေး စသည့် လူ့အခွင့်အရေးစံနှုန်းများကို လေးစားလိုက်နာ ကျင့်သုံးဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

(၇၅) နှစ်မြောက် ဗိုလ်ချုပ်ကျပ်ကြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ်

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်

လူငယ်နှင့် စာပေအနုပညာပြပွဲ

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆၊ ၂၇၊ ၂၈ ရက်

နေ့စဉ် နံနက် ၀၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီထိ

မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC-2) နေပြည်တော်

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာသင်တန်း အမှတ်စဉ် (၂) ကို ဒီဇင်ဘာ ၁၇ ရက် ( စနေနေ့ ) တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ပို့ချမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ညွှန်ကြားချက်အမှတ် (၂/၂၀၂၂) အခန်း (၂) ပုဒ်မ (၃) (ဆ) အရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာသင်တန်းသို့ တက်ရောက်ပြီးကြောင်း အထောက်အထားသင်တန်းဆင်းလက်မှတ်ရရှိမှသာ အဖိုးတန်သတ္တုရောင်းဝယ်ရေးရေးလိုင်စင်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် ရွှေဆိုင်လုပ်ငန်းရှင်များ မပျက်မကွက်သင်တန်းတက်ရောက်ရန် လိုအပ်ပြီး သင်တန်းသားဦးရေ ကန့်သတ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း သင်တန်းဖြစ်မြောက်ရေးအဖွဲ့က အသိပေးကြေညာထားသည်။ မျိုးမင်းသူရ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉ - ၁၂ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၈,၉၀၀ | ၁,၄၈၃ | ၁၃,၂၉၂,၄၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၁၅၈ | ၅၂၉,၃၀၀ |
| MCB | ၇,၇၀၀ | ၇,၆၀၀ | ၅၁ | ၃၉၁,၉၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၅၀၀ | ၂၀၆ | ၃,၉၁၄,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၅၀ | ၁,၂၂၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၁၆.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၂.၁၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၃၇၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၆.၇၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၁၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၉.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၂.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၄၀.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၁.၁၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှု မှတ်တမ်းများကို ကြည့်ရှုစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါကြောင်း၊ ကွန်ဗင်းရှင်းက ချမှတ်ထားသည့် အချက်များ၊ လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ်များကို သဘောတူလက်မှတ်ရေးထိုးထားပြီး အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**နှစ်စဉ်ကျင်းပ**

နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ပြီး ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများက အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာတစ်ဝန်း၌ နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိရာ မိမိတို့ မြန်မာနိုင်ငံကလည်း ၂၀၁၇ ခုနှစ်မှ စပြီး နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ တာဝန်ယူထမ်းဆောင်နေစဉ်ကာလအတွင်း ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံမှ ထိခိုက်စေနိုင်သည့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရေးသည် အလွန်အရေးကြီးပါကြောင်း၊ အဂတိလိုက်စားမှုသည် အကျင့်ပျက်ခြစားမှုများနှင့် လူများ၏ စိတ်ဓာတ်နှင့် စာရိတ္တများ ပျက်စီးစေပြီး နိုင်ငံအတွက် အန္တရာယ်ဖြစ်သဖြင့် နိုင်ငံတော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ပြဋ္ဌာန်းထားပြီး ထိရောက်သည့် ဟန့်တားဆောင်ရွက်မှုများနှင့် အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ပုံစံအမျိုးမျိုးဖြင့် ပေါ်ပေါက်လာသည့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ် အရေးယူနိုင်ရန်အတွက် အဆိုပါဥပဒေကို စတုတ္ထအကြိမ်အထိ ပြင်ဆင်ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။

**အသိပေးပြောကြားလို**

သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာစေရေး၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရေး၊ လူ့အဖွဲ့အစည်း၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးတို့အတွက် မိမိတို့အနေဖြင့် ဘက်ပေါင်းစုံက အလေးထား ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ရှင်းလင်းတင်ပြစဉ်။



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ ရှင်းလင်းတင်ပြစဉ်။

အဂတိလိုက်စားမှုကို အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် လာဘ်ပေးလာဘ်ယူခြင်းထက် ပိုမိုကျယ်ဝန်းပါကြောင်း၊ ခြိမ်းခြောက်ငွေညစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ကိုယ်ပိုင်ပစ္စည်းအဖြစ်သုံးစွဲခြင်း၊ မလျော်ဩဇာသုံး၍ မဲဆွယ်ခြင်း၊ မိမိ မိသားစုနှင့် ဆွေမျိုးကောင်းစားရေးဝါဒ အသုံးပြုခြင်း၊ မိမိနှင့် နီးစပ်အဆင်ပြေသူ ကောင်းစားရေးဝါဒရှိခြင်းတို့သည် အဂတိလိုက်စားမှုမြောက်သည့် အပြုအမူများဖြစ်ပါကြောင်း။

နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကိုဖောက်ဖျက်ပြီး နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုများကို ထိခိုက်နစ်နာစေခဲ့ပါက အဂတိလိုက်စားမှုမြောက်မည် ဖြစ်သည့်အတွက် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတိထား လိုက်နာလုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တည်ဆဲဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းပြီး မရှင်းလင်းသည့်အချက်များ၊ ဒွိဟဖြစ်ဖွယ်ရာ အကြောင်းအရာများတွေ့ရှိပါက သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများထံမှ သဘောထားမှတ်ချက်တောင်းခံပြီး ပေးပို့လာသည့် သဘောထားမှတ်ချက်များနှင့်အတူ အထက်အဖွဲ့အစည်းသို့ လမ်းညွှန်မှု ခံယူဆောင်ရွက်သွားရန် လိုအပ်သည်ကို ပြောကြားလိုပါကြောင်း။

**အကျင့်ပျက်ခြစားမှုများမရှိစေရေး**

အဂတိလိုက်စားမှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှု တစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်ပါကြောင်း၊ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများမရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထားလုပ်ဆောင်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အနှစ်သာရသည် အများပြည်သူ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရန်ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူးတံတားများသဖွယ် ဆက်သွယ်ဆက်ဆံပြီး ယုံကြည်မှု တည်ဆောက်ပေးရသူများလည်းဖြစ်ပါကြောင်း၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးကို ပုံဖော်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များသည် အရေးပါသကဲ့သို့ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများ၏ စည်းကမ်းလိုက်နာမှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်စောင့်ထိန်းမှုများမှ လမ်းချော်လွဲမှားသွားစေသည့် အဓိကအချက်မှာ အဂတိလိုက်စားမှုပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြမည်ဆိုပါက ပြည်သူများ၏ ယုံကြည်မှုကိုရရှိပြီး ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ကို ဖြစ်ပေါ်စေကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြောင့်မတ်တည်ကြည်မှုရှိစေရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့တွင် ပူးပေါင်းပါဝင်လာစေရေးအတွက် ထုတ်ပြန်ထားသည့် ကျင့်ဝတ်များကို လိုက်နာကြစေရေးနှင့် ကျင့်ဝတ်ဆိုင်ရာ သင်တန်းများသည်လည်း အရေးပါသည်ကို အသိပေးပြောကြားလိုပါကြောင်း။

**“အဂတိလိုက်စားမှု များလေလေ ဆင်းရဲနွမ်းပါးမှုများလေ၊ ဆင်းရဲနွမ်းပါးမှုများလေလေ အဂတိလိုက်စားမှုများလေ”** ဖြစ်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ကို ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါအဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်တွင် တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဆိုသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်သုံးရပ်ကို ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ဆောင်ကြစေရန် ရေးဆွဲထားပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမျိုးသားရေးမျှော်မှန်းချက်သည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါများရေးဖြစ်ပါကြောင်း၊ **စာမျက်နှာ ၄ သို့ ☆**

❖ **သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာစေရေး၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရေး၊ လူ့အဖွဲ့အစည်း၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးတို့အတွက် မိမိတို့အနေဖြင့် ဘက်ပေါင်းစုံက အလေးထားဆောင်ရွက်လျက်ရှိ**

❖ **အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများမရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထားလုပ်ဆောင်သွားကြရန် လိုအပ်မည်**

☆ စာမျက်နှာ ၃ မှ

ဆက်စပ်ပြီး ပြည်တွင်းစီးပွားရေးမြှင့်တင်ခြင်းဖြင့် ပြည်သူတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ပြည်တွင်း ကုန်ထုတ်လုပ်မှုများကို အားပေးခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်းစီးပွားရေးတိုးတက်လာပါက ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆက်စပ်နေသည့်လုပ်ငန်းများအားလုံးအောင်မြင်ရန် မိမိတို့ ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

**တိုးချဲ့ဖွဲ့စည်းထား**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်နှင့်အညီ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးကို ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များ တိုးချဲ့ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာအောက်ခြေအဆင့်များမှစပြီး ထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ထို့ပြင် အသေးစားအဂတိလိုက်စားမှုများကို ထိရောက်စွာဟန့်တားနိုင်ရန်အတွက် “အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP)” ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကအားဖြင့် မိမိကိုယ်တိုင်က အဂတိလိုက်စားမှုကို သတိထားရှောင်ရှားပြီး ပတ်ဝန်းကျင်၏ ပြောဆိုဝေဖန်မှုများကို ဂရုစိုက်သတိထားလုပ်ဆောင်သွားခြင်းဖြင့် အဂတိလိုက်စားမှု လျော့နည်းရာမှ လုံးဝကင်းစင်ပပျောက်သည့် လူ့ပတ်ဝန်းကျင်ကို ဖော်ဆောင်ကြရန်ဖြစ်ပါကြောင်း။

ထို့ပြင် အခြေခံပညာကျောင်းများတွင် အဂတိကင်းစင်သည့် ယဉ်ကျေးမှု၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်း၏ အခြေခံမူသဘောတရားများ ပြန့်ပွားစေရေးအတွက် **“ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး အသိပညာပေးအစီအစဉ် (Edu–tainment)”** များကို ထည့်သွင်းလုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တစ်ဆင့်ချင်း အသိပညာပေး ဆောင်ရွက်မှုဖြင့် အနာဂတ်တွင် ဖြောင့်မတ်သော၊ ကိုယ်ကျင့်တရားပြည့်ဝသော နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဆောင်ရွက်နေပြီဖြစ်သည့်အတွက် အဆိုပါအစီအစဉ် အောင်မြင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် **“အဂတိပယ်ခွာ ပြည်သာယာ”** ဆိုသည့် ဆောင်ပုဒ်အတိုင်း အဂတိလိုက်စားမှုကျူးလွန်ခြင်းများကို လျော့နည်းပပျောက်စေရေးအတွက် မူဝါဒနှင့်ဥပဒေမူဘောင် ခိုင်မာရေးလုပ်ထုံးလုပ်နည်းများ ရှင်းလင်းခိုင်မာရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း။

**အားလုံးပါဝင်ဆောင်ရွက်**

အဂတိလိုက်စားမှုများသည် အသွင်အမျိုးမျိုးဆောင်ပြီး ဖြစ်ပေါ်နေခြင်းဖြစ်သည့်အတွက် ဥပဒေကြောင်းအရသာမက ကောင်းမွန်သော ကိုယ်ကျင့်တရားထွန်းကားရေး နည်းလမ်းများအရပါဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများသာမက အများပြည်သူများနှင့်လည်း သက်ဆိုင်သည့် အကြောင်းအရာဖြစ်သည့်အတွက် အားလုံးပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်ဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ဘက်လိုက်မှုကင်းရှင်းပြီး မှန်ကန်မျှတ၍ တာဝန်ခံမှုရှိသည့် တရားစီရင်ရေးနှင့် အဂတိတရားကင်းစင်သည့် တရားစီရင်ရေး ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် Video Clip ကို ကြည့်ရှုကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။

**❖ အခြေခံပညာကျောင်းများတွင် အဂတိကင်းစင်သည့် ယဉ်ကျေးမှု၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်း၏ အခြေခံမူသဘောတရားများ ပြန့်ပွားစေရေးအတွက် “ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးအသိပညာပေးအစီအစဉ် (Edu-tainment)” များကို ထည့်သွင်းလုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တစ်ဆင့်ချင်း အသိပညာပေးဆောင်ရွက်မှုဖြင့် အနာဂတ်တွင် ဖြောင့်မတ်သော၊ ကိုယ်ကျင့်တရားပြည့်ဝသော နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဆောင်ရွက်နေပြီဖြစ်သည့်အတွက် အဆိုပါအစီအစဉ် အောင်မြင်ရေး အလေးထားဆောင်ရွက်**

# ရုရှား-မြန်မာ နှစ်နိုင်ငံပူးပေါင်း၍ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းနေရာများကို သွားရောက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိကကျသည့် အခန်းကဏ္ဍ၌ ပါဝင်နေသဖြင့် နိုင်ငံတစ်ဝန်း ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးရန် ရရှိနိုင်သမျှသော စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားထုတ်လုပ်နိုင်ရန် ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် ရုရှား–မြန်မာ နှစ်နိုင်ငံပူးပေါင်း၍ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအစီအစဉ်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ROSATOM မှ ကိုယ်စားလှယ်နှင့်အဖွဲ့သည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း စီမံကိန်းလုပ်ငန်းနေရာများသို့ လေ့လာကြည့်ရှုကြသည်။



မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ Russian State Atomic Energy Corporation “ROSATOM” မှ ကိုယ်စားလှယ်အဖွဲ့သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ၊ စူးစမ်းလေ့လာရေးဌာနခွဲနှင့် ဘူမိဗေဒဌာနခွဲတို့မှ တာဝန်ရှိသူများနှင့်အတူ ဇေယျာသီရိမြို့နယ် ဇီးရိုင်းကျေးရွာ၊ သစ်တော်ကျေးရွာအုပ်စု၊ ငါးတဲစုကျေးရွာ၊ ပေါင်းလောင်းရေလှောင်တမံအနီးရှိ မြေနေရာတို့ကို အပူစွမ်းအင်ဆိုင်ရာစီမံကိန်းတို့နှင့်ဆက်စပ်သော ကျောက်သား Mechanic ဆိုင်ရာများလေ့လာခြင်း၊ ရေရရှိနိုင်မှု၊ ငလျင်နှင့် ပြတ်ရွေ့များလေ့လာခြင်း၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၊ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် လူမှုဘဝနေထိုင်မှုတို့ကို လေ့လာကြသည်။ ထို့နောက်ပေါင်းလောင်းရေလှောင်တမံ၌ ရေဝင်ရောက်မှု၊ တမံတည်ဆောက်ထားရှိမှုနှင့် တမံအမြင့်စသည်တို့ကိုလေ့လာပြီး စီမံကိန်းတည်ဆောက်မည့်နေရာနှင့် ပတ်သက်၍ မြေနေရာရွေးချယ်ဆောင်ရွက်မှုကို သက်ရောက်နိုင်မှုတို့ကို လေ့လာကြည့်ရှုခဲ့ကြသည်။ ထို့ပြင် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားထုတ်လုပ်၍ ထွက်ရှိလာသောရေများကို ဆက်လက်အသုံးပြုနိုင်ရန်အတွက် ဖြစ်နိုင်ခြေရှိသော အသေးစားရေအားလျှပ်စစ်စီမံကိန်းနေရာကိုလည်း လေ့လာကြည့်ရှုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံကာ လေ့လာတွေ့ရှိချက်များအပေါ် အခြေခံ၍ အသေးစိတ် Seismic တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မိမိတို့က ပြုစုထားရှိသည့် တိုင်းထွာရရှိချက်များကိုလည်းကောင်း၊ လျာထားစီမံကိန်းနေရာများ၏ ငလျင်ပြတ်ရွေ့ကြော အခြေအနေများကို လည်းကောင်း၊ အသေးစားရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများကို လည်းကောင်း အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်အတွက် ကျွမ်းကျင်ပညာရှင်များအဖွဲ့ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ငွေရတုအကြို (၂၄) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၉

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ငွေရတုအကြို (၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အာစရိယပူဇော်ပွဲ နှင့် အလှူတော်မင်္ဂလာ အခမ်း အနားကို ယနေ့နံနက် ၉ နာရီ တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည် ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် တရားထိုင်ခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ် ထားသော ကိုဗစ်-၁၉ စည်းကမ်း များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် အပြည်ပြည် ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ဩဝါဒါစရိယ ဆရာ တော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂ မဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသနှင့် အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနေမိန္ဒ၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ အမှူးပြု သော ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာတော်ကြီးများအား ပါမောက္ခ ချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ ဦးဆောင်သော သင်ကြားဆရာ တော်ကြီးများ၊ ပြည်တွင်းပြည်ပ သင်တန်းသား ရဟန်း၊ သီလရှင် များနှင့် သင်တန်းသား သင်တန်း သူများ၊ ဒုတိယပါမောက္ခချုပ်(စီမံ) ဦးစိန်မော် အမှူးပြုသော သင်ကြား /စီမံ ဝန်ထမ်းများက အာစရိယ ပူဇာအစီအစဉ်ကို ဆောင်ရွက်ကြ ပြီး ဂုဏ်ထူးဆောင်ပါမောက္ခဆရာ တော်ကြီးများကိုယ်စား ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ က ဩဝါဒကထာ မိန့်ကြားချီးမြှင့် တော်မူသည်။

ထို့နောက် တက္ကသိုလ်၏ ၂၄ နှစ်တာကာလ ဖြတ်သန်းခဲ့သော သမိုင်းမှတ်တမ်းအကျဉ်း ဗီဒီယို ဖိုင်အားပြသပြီး သင်ကြားဆရာ တော်များနှင့် သင်တန်းသား ရဟန်း၊ သီလရှင်များအား နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်း ကြကာ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက ဂုဏ်ယူဝမ်းမြောက်စကား မိန့်ကြား ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ ရှေးဟောင်းအဆောက်အအုံ ကမ္ပည်းမော်ကွန်းကျောက်စာ တပ်ဆင်ခြင်းအခမ်းအနား တက်ရောက်



မန္တလေး ဒီဇင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် တော်ဝင်သံတဲ ကျောင်းဆောင်တွင် ရှေးဟောင်း အမွေအနှစ် ကမ္ပည်းမော်ကွန်းကြေးပြား တပ်ဆင်ခြင်း အခမ်းအနားကို အ.ထ.က (၁၀) တော်ဝင်သံတဲ ကျောင်းဝင်းအတွင်း၌ ယနေ့ နံနက် ၈ နာရီတွင် ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသ ကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တော်ဝင်သံတဲ ကျောင်းတော်ကို မန္တလေးရတနာပုံ မြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရား ကြီးသည် သီပေါမင်းအပါအဝင် မင်းညီ မင်းသား များကို လက်တင်စာ၊ အင်္ဂလိပ်စာ၊ ပထဝီ၊ သင်္ချာ၊ နိုင်ငံသမိုင်းစသော ဘာသာရပ်များကို သင်ယူနိုင်ရန် ၁၈၆၉ ခုနှစ်တွင် ဒေါက်တာမတ်ကို ဆောက်လုပ် လှူဒါန်းခဲ့သည့် ကျောင်းတော်ကြီး ဖြစ်ပြီး နှစ်တစ်ရာ ကျော်သက်တမ်းရှိပြီဟု သိရှိရပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့အမွေအနှစ်နှင့် ကမ္ဘာ့ မှတ်တမ်းအမွေအနှစ်စာရင်း တင်သွင်းခြင်းလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိန်းသိမ်း စောင့်ရှောက်လျက်ရှိကြောင်း။

ထို့ကြောင့် နှစ်(၁၀၀)ကျော် သက်တမ်းရှိ တော်ဝင်သံတဲကျောင်းဆောင်သည် ရှေးဟောင်း အဆောက်အအုံများ၏ ပုံသဏ္ဌာန်တည်ဆောက်ပုံ နည်းစနစ်၊ မူလလက်ရာများ၏ တန်ဖိုးအခြေအနေ များကိုသိရှိပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွား နိုင်ကြမည်လည်းဖြစ်ပါကြောင်း၊ ထို့ပြင် ရှေးဟောင်း အဆောက်အအုံကို ခေတ်အဆက်ဆက်နှစ်ပေါင်း များစွာ အသုံးပြုလာခဲ့ကြပြီး မူလပုံ သဏ္ဌာန်အတိုင်း၊ မူလလက်ရာအတိုင်း ထိန်းသိမ်းပြုပြင်လာခဲ့ကြ ခြင်းကြောင့်လည်း ယခုအချိန်ထိ မူလလက်ရာများကို မျက်ဝါးထင်ထင်တွေ့မြင် လေ့လာနိုင်ပါကြောင်း၊ ရှေးဟောင်းအမွေအနှစ်များကို ပြည်သူများ သိရှိ လေးစားတန်ဖိုးထားတတ်စေရန်အတွက် မိမိတို့ ဝန်ကြီးဌာနတစ်ခုတည်းသာမက သက်ဆိုင်ရာဌာန အသီးသီးနှင့် အများပြည်သူများကလည်း အမျိုးသား ရေးလုပ်ငန်းတာဝန်တစ်ရပ်အနေဖြင့်ကဏ္ဍအသီး သီး မှ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်၍ ဝိုင်းဝန်းထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးရန် တိုက်တွန်းမှာ ကြားသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်း ရေးဥပဒေပုဒ်မ ၃၄(ခ)အရ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ကိုလိုနီခေတ် အဆောက်အအုံ ၃၃ လုံးကို ဧပြီ ၈ ရက်တွင် ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ခဲ့ရာ ယခုကျောင်းတော်ကြီးလည်းအပါ အဝင်ဖြစ်သောကြောင့် မန္တလေးမြို့အတွင်းရှိ ရှေးဟောင်း အမွေအနှစ်များကို ရေရှည်တည်တံ့စေရန် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ် များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ကမ္ပည်းမော်ကွန်းကြေးပြားကို ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တော်ဝင်သံ တဲကျောင်းအပေါ်ထပ်ရှိ ရတနာပုံခေတ်ပြခန်း၊ ဒိုင်အိုစီဇင်ဓာတ်ပုံပြခန်းတို့ကို လှည့်လည်ကြည့်ရှု ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများဆက်ကပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၉

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီး ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့ တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ သနပ္ပင်ဆိပ်အရှေ့ကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း မြို့နယ်ရှိမြစကြာ်ပရိယတ္တိစာသင်တိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မလောကကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ မွန်ပရိယတ္တိစာသင်တိုက်နှင့် သာကေတမြို့နယ်ရှိ သုစိတ္တာလင်္ကာရပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ယန်းကုန်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အလယ်ရွှေကျောင်း ကျောင်းတိုက်နှင့်မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဖားအောက်တောရ(ပင်မ) သာသနာ့ရိပ်သာ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မင်္ဂလာသုခပါဠိတက္ကသိုလ် ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သံလွန်း ပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ အရှေ့ခါးရိုး ပရိယတ္တိ စာသင်တိုက်တို့သို့ ဆန်ကြာဆံ များကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မော်လမြိုင်မြို့၌ "မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး" ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပွဲပြုလုပ်

မော်လမြိုင် ဒီဇင်ဘာ ၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မွန်ပြည်နယ် မော်လမြိုင်ခရိုင် လူထုအခြေပြုဗဟိုဌာန ခန်းမတွင် "မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး" အသိပညာပေး ဆွေးနွေးပွဲ ကို ယမန်နေ့ နံနက် ၁၀ နာရီခန့်က ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဆွေးနွေးပွဲတွင် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြတ်သီတာ က အသိပညာပေး ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မော်လမြိုင်ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအေးက "မြေပြင်ကွင်းဆင်း စာရင်းကောက် ယူရေး"ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။ မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား (မှတ်ပုံတင်)ပါအချက်အလက်များနှင့် အိမ်ထောင်စုလူဦးရေ စာရင်းပါအချက်အလက်များ တစ်ဦးချင်းစစ်ဆေးရာ တွင် အကြောင်းအမျိုးမျိုးကြောင့် ကွဲလွဲနေမှုများ အကြောင်း၊ မိမိ မိသားစုအချက်အလက်များမှန်ကန် ရန် အားလုံးပူးပေါင်းပါဝင်ကူညီကြရန်နှင့် အိမ်ထောင် စု လူဦးရေစာရင်းအချက်အလက်များ မှန်ကန်မှ မိမိ လူမှုဘဝစိတ်ချရမည်ဖြစ်ကြောင်း၊ အိမ်ထောင်စု လူဦးရေစာရင်းအချက်အလက်များ မှန်ကန်ခြင်း အားဖြင့်ရရှိနိုင်မည့် လူမှုဘဝအကျိုးကျေးဇူးများ အကြောင်း၊ နိုင်ငံသားအမှတ်များကို e-ID အီလက်ထရောနစ်ဦးစီးဌာနတွင်ရှိသော National Database အတွင်း သို့အချိန်တိုအတွင်း ရောက်ရှိ ထည့်သွင်းသွားနိုင်မှာဖြစ်ကြောင်း စသည်တို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နိုင်ငံ့စီးပွားတိုးတက်စေဖို့ MSME လုပ်ငန်း တက်ညီလက်ညီဆောင်ရွက်စို့

အောင်ထက်လင်း(ကြိမ်ချောင်း)

ကမ္ဘာကြီးသည် အရှေ့အပြောင်းအလွန်မြန်ဆန်လာနေပြီဖြစ်သည်။ သိပ္ပံနှင့် နည်းပညာများ အံ့မခန်းတိုးတက်လာမှုနှင့်အတူ ကမ္ဘာ့လူသားအများစုသည်လည်း ခေတ်မီတိုးတက်လာကြသည်။ ခေတ်မီတိုးတက်လာမှုနှင့် တစ်ဆက်တည်းတွင် လိုအပ်ချက်များလာမှု ဆက်နွယ်ပတ်သက်လာသည့် စားရေရိက္ခာ၊ အသီးအနှံ၊ စက်မှုပစ္စည်း၊ လူ့အသုံးအဆောင်၊ အဝတ်အစား၊ စက်မှုနှင့် စိုက်ပျိုးမွေးမြူရေးသုံးဆက်စပ်ပစ္စည်း၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်နှင့် တခြားသောလိုအပ်ချက်များ ကြီးမားလာခြင်းသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံဆင်းရဲ၊ ချမ်းသာကွာဟချက်ပိုမိုများပြားလာခြင်းပင်ဖြစ်သည်။ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလျှင် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများ တိုးတက်အောင်အားပေး၍ ပြည်တွင်းလိုအပ်ချက်ကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်သည်အထိ ကြိုးစားအကောင်အထည်ဖော်ရန်များစွာလိုအပ်သည်။ မျက်မှောက် ၂၁ ရာစုကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးက မိမိနိုင်ငံ စီးပွားရေးခိုင်မာတောင့်တင်းစေရန် နိုင်ငံအလိုက် စီးပွားရေးမူဝါဒများ ချမှတ်ကျင့်သုံးလျက်ရှိကြသည်။ အထူးသဖြင့် ကမ္ဘာ့လူသားများ၏ ခေတ်နှင့်အညီလိုအပ်မှု၊ အသုံးပြုမှု၊ ကုန်ထုတ်လုပ်နိုင်စွမ်း၊ ဝယ်လိုအား၊ တီထွင်ဆန်းသစ်မှု စသည်တို့ကိုတွက်ချက်၍ လိုအပ်သော ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ထူထောင်ကာ အပြိုင်အဆိုင် ကြိုးစားလာကြသည်။

စီးပွားရေးလုပ်ငန်းများ ထူထောင်ရာတွင် ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပတင်ပို့မှုတို့ အဆင်ပြေအောင်လည်း တွက်ချက်အကောင်အထည်ဖော်ကြသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကောင်း၊ မကောင်းကို နိုင်ငံ၏ GDP ကို လေ့လာကြည့်ကသိနိုင်သည်။ အခြေခံအကျဆုံးအချက်ဖြင့် တွက်ချက်ကြည့်ပါက နိုင်ငံတစ်ခု၏ စီးပွားရေးသည် ပြည်ပပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုးတို့၌ များစွာမူတည်လျက်ရှိသည်။ ပြည်ပမှ မှာယူတင်သွင်းမှုများနေသမျှ စီးပွားရေးတိုးတက်မှုသည်လည်း အနုတ်လက္ခဏာပြနေမည်သာဖြစ်သည်။ ကမ္ဘာ့စီးပွားရေးအင်အား တောင့်တင်းသောနိုင်ငံများကို လေ့လာကြည့်သော် ခေတ်ပညာတတ်ပေါများပြီး သိပ္ပံနှင့်နည်းပညာက အဆင့်မြင့်ကာ ဆန်းသစ်တီထွင်မှုအားကောင်းသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်သည်။ လေးနက်သော အခြေခံအကြောင်းတရားတစ်ရပ်ကို ရှာဖွေတွေ့ရှိသည်။ ပြည်တွင်းလိုအပ်ချက်ကို ပြည်တွင်း၌သာ ထုတ်လုပ်နိုင်ရေး အလေးပေးခြင်းပင် ဖြစ်သည်။ ပြည်တွင်းလိုအပ်ချက်ကို ပြည်ပမှ မတင်သွင်းရသဖြင့် အသားတင်ထုတ်ကုန်တန်ဖိုးမြင့်မားလာပြီး ပြည်တွင်းထုတ်ကုန်ပိုလျှံမှုအား ပြည်ပသို့တင်ပို့ခြင်းဖြင့် စီးပွားရေးအင်အား ပိုမိုခိုင်မာလာစေသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း လေးသောင်းကျော်ရှိ**

နိုင်ငံအချို့သည် စီးပွားရေးနှင့်ပတ်သက်သည့် သုတေသနမှု အားကောင်းကြပြီး မည်သည့်ကုန်ပစ္စည်းအသစ်ထွက်ရှိကြောင်းကို အချိန်နှင့်တစ်ပြေးညီ သိအောင်ပြုသည်။ မကြာမီအချိန်ပိုင်းအတွင်း ထိုကုန်ပစ္စည်းကို မိမိနိုင်ငံအတွင်း ရအောင်ထုတ်သည်။ ထုတ်ကုန်လိုအပ်ချက်အနည်း၊ အများ၊ ထုန်ကုန်၏ အရည်အသွေးနှင့် ဝယ်လိုအားတို့ကို မူတည်လျက် အဆင့်မြင့်ထုတ်ကုန်ဖြစ်အောင် ပြုပြင်ရင်း ပြည်ပသို့ ပို့ကုန်အဖြစ် ပို့ဆောင်နိုင်သည်အထိ အကျိုးပြုလာသည်။ အဓိကအားဖြင့် နိုင်ငံအတွင်းရှိနေသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အားကောင်းရေးကိုပုံဖော်ပြီး နိုင်ငံခြားဝင်ငွေစီးဝင်လာအောင် ကြိုးစားနိုင်ကြခြင်းပင်ဖြစ်သည်။ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အခြေခံကျသော အချက်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း လေးသောင်းကျော်ရှိရာ ၂၀၁၅ ခုနှစ် မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်းအရ စီးပွားရေးလုပ်ငန်း အရေအတွက်အများဆုံးသည် ကုန်ထုတ်လုပ်မှုကဏ္ဍတွင်ရှိပြီး စုစုပေါင်းလုပ်ငန်းများ၏ ၄၀ ရာခိုင်နှုန်းရှိသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရာခိုင်နှုန်း ၉၀ ကျော်မှာ လုပ်ငန်းငယ်များသာဖြစ်သည်။ မြန်မာနိုင်ငံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းကုန်ထုတ်လုပ်မှု စစ်တမ်း (၂၀၁၇)တွင်မူ ထုတ်လုပ်မှုလုပ်ငန်း အများစုသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိကြပြီး တောင်ပိုင်းကမ်းရိုးတန်းဒေသတစ်လျှောက်တွင် နည်းပါးကြောင်း သိရသည်။ စားသောက်ကုန်လုပ်ငန်းသည် ထုတ်လုပ်မှုကဏ္ဍ၏ အခြေခံအုတ်မြစ်ဖြစ်ပြီး ထုတ်လုပ်မှုကဏ္ဍများတွင် တီထွင်ဆန်းသစ်မှု လွန်စွာနည်းပါးကာ နည်းပညာပိုင်းနိမ့်ပါးမှုကြောင့် လုပ်ငန်းများအားလုံးသည် လျှပ်စစ်မီးနှင့် ရေပေးဝေရေးစနစ်မှ ဖြန့်ဝေသောရေကို အပြည့်အဝမရရှိကြကြောင်း သိရသည်။ လုပ်ငန်းအများစုသည် လက်ဖြစ်ကိရိယာများနှင့် အသုံးပြုပြီး စက်ယန္တရားအဟောင်းများနှင့် တစ်ပတ်ရစ်များကို မှီခိုလုပ်ကိုင်နေရကြောင်း၊ ပြည်ပမှ တင်သွင်းသည့် စက်ပစ္စည်းနှင့် နည်းပညာများကို အသုံးပြုဆောင်ရွက်သည့်လုပ်ငန်းများမှာ ၂၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ သို့ဖြစ်၍ ဈေးကွက်လက်လှမ်းမီနိုင်သည့် နိုင်ငံတကာအဆင့်အတန်းမီမှု လွန်စွာနည်းပါးကြောင်း ထိုစစ်တမ်းတွင် ဖော်ပြပါရှိသည်။ စစ်တမ်းအရနိုင်ငံတော်၏စီးပွားရေး တိုးတက်စေရန်အတွက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအားကောင်းလာစေရန် များစွာပြုပြင်ပြောင်းလဲရမည်မှာ အထင်အရှားပင်ဖြစ်သည်။

> အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အရေးပါသည်မှာ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်တွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကို ဆွေးနွေးခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ် များစွာရှိသည်။ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းမှာ အရင်းအနှီးကြီးမားသော်လည်း ရေရှည်အတွက် ကောင်းမွန်သည့်လုပ်ငန်းတစ်ရပ်ဖြစ်

**လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါများရေးနှင့် ပြည်တွင်းစီးပွားရေးကောင်းမွန်စေရေးအတွက် ဦးဆောင်ကြိုးပမ်းလျက်ရှိရာတွင် ပြည်သူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ဆောင်ရွက်ကြရပေမည်။ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးမှာ ကုန်ကြမ်းများ ပေါများရေး၊ သွင်းအားစုများ လုံလောက်စွာရရှိရေး၊ အရင်းအနှီးများရရှိရေးနှင့် လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရန်တို့ လိုအပ်သည်။ ကုန်ကြမ်းကို ပြည်တွင်း၊ ဒေသတွင်း၌ လုံလောက်စွာရရှိရန် လိုအပ်သကဲ့သို့ သွင်းအားစုနှင့်ပတ်သက်၍လည်း ပြည့်စုံစွာရရှိမည်ဆိုပါက လုပ်ငန်းများအောင်မြင်မည်ဖြစ်သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အရေးပါသည်မှာ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်တွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကို ဆွေးနွေးခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များစွာရှိသည်။ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းမှာ အရင်းအနှီး ကြီးမားသော်လည်း ရေရှည်အတွက် ကောင်းမွန်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို မကြာမီတွင် မြင်တွေ့ရမည်ဖြစ်သည်။ လုပ်ငန်းများအားလုံးအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားရရှိရေးတွင် ရေအားလျှပ်စစ်နှင့်နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများအပြင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ရမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေး စသည့်ကဏ္ဍစုံတွင် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေးမှာ ပြည်သူတို့၏ မျှော်လင့်ချက်ဖြစ်သည်။ လုပ်ငန်းတိုင်း အောင်မြင်စွာလည်ပတ်နိုင်ရန်အတွက် သွင်းအားစုများ ဖြည့်တင်းပေးနိုင်ရေးမှာလည်း အရေးပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေနှင့် မြေဩဇာ၊ မွေးမြူရေးလုပ်ငန်းအတွက် တိရစ္ဆာန်အစားအစာ၊ စက်မှုလုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အားတို့ ရရှိမှသာ လုပ်ငန်းများ ပိုမိုအောင်မြင်မည်ဖြစ်သည်။ လုပ်ငန်းများ လည်ပတ်ရန်အတွက် နိုင်ငံတော်မှ ထုတ်ချေးပေးထားသည့် ကိုဗစ်-၁၉ ချေးငွေများနှင့်ပတ်သက်၍ ပြန်လည်ပေးဆပ်ရန်ကာလကိုလည်း သက်တမ်းတိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့်အခြားလုပ်ငန်းဟူ၍ရှိရာ မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်မှုထက် ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုများပြားခြင်းကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအား မမျှတမှုများ ဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းစီးပွားရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို အားပေးလျက်ရှိရာ သက်ဆိုင်သူများအနေဖြင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်သည်။ လုပ်ငန်းတစ်ခုအောင်မြင်ရေးမှာ စိတ်ဓာတ်သည်အဓိကဖြစ်သည်။ စိတ်အားထက်သန်မှုဖြင့် လုပ်ဆောင်မည်ဆိုပါက မည်သည့်လုပ်ငန်းမဆို အောင်မြင်မည်သာဖြစ်သည်။ အခက်အခဲနှင့် ကြုံသည့်အခါတိုင်း ထိုအခက်အခဲကို လမ်းတံတားတစ်ခုသဖွယ် သဘောထား ဖြတ်ကျော်ကြရမည်ဖြစ်သည်။ အောင်မြင်သူတိုင်းသည် အခက်အခဲကို အနိုင်ယူခဲ့သူများသာဖြစ်သည်။

**ဆီအုန်းစိုက်ပျိုးမှု**

နိုင်ငံတော်အနေဖြင့် ပြည်တွင်းလည်ပတ်သုံးစွဲငွေများရှိပြီးဖြစ်သည့်အပြင် စီးပွားရေးလုပ်ငန်းများအတွက်လိုအပ်သည့် ချေးငွေများကိုလည်း ထုတ်ချေးပေးလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံအတွက် စီးပွားရေးကောင်းမွန်ရေးမှာ သွင်းကုန်လျော့နည်းပြီး ပို့ကုန်များပြားစွာ ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။ ပြည်ပသို့အဆင့်အတန်းမီ ကုန်ပစ္စည်းများ တင်ပို့နိုင်ရေးအတွက် စွမ်းဆောင်ကြိုးစားနေရသကဲ့သို့ ပြည်ပမှဝယ်ယူသူ တင်သွင်းမှုများကိုလည်း လျော့နိုင်သမျှလျော့အောင် ကြိုးစားကြရမည်ဖြစ်သည်။ ၂၀၂၂ ခုနှစ်မှစတင်၍ ပြည်ပမှတင်သွင်းသည့် စားသုံးဆီများကို ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဆီစားသုံးမှုများပြားခြင်းနှင့် ပြည်တွင်းဆီထုတ်လုပ်မှု နည်းပါးခြင်းကြောင့် ပြည်တွင်းစားသုံးဆီ လိုအပ်ချက်များပြားနေသည်။ ဆီထွက်သီးနှံများ စိုက်ပျိုးမှုနှင့်ပတ်သက်၍ မြေ၊ ရေနှင့် လူ့စွမ်းအားအရင်းအမြစ်များရှိပြီးဖြစ်ရာ အမှန်တကယ် အလုပ်လုပ်ကြရန်သာဖြစ်သည်။ ဆီထွက်သီးနှံများအား ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆီထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်သည်။ ဆီအုန်းစိုက်ပျိုးမှုကို ပြည့်ဝစွာစိုက်ပျိုးနိုင်မည် ဆိုပါကလည်း ပြည်တွင်း ဆီလိုအပ်ချက် ပြည့်မီဖူလုံစေပြီး စားသုံးဆီကို ပြည်ပမှ တင်သွင်းနေရသူအဖြစ်မှ ပြည်တွင်း၌ ပိုလျှံသည်အထိ ထုတ်လုပ်၍ ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သူအဖြစ် ရောက်ရှိမည်ဖြစ်သည်။

စားသုံးဆီနည်းတူ မဖြစ်မနေတင်သွင်းနေရသည်မှာ စက်သုံးဆီဖြစ်သည်။ စက်သုံးဆီကို နှစ်စဉ်တင်သွင်းအသုံးပြုနေရသဖြင့် နိုင်ငံခြားငွေ လိုအပ်ချက်များ၊ ကန့်သတ်ချက်များဖြစ်ပေါ်လျက်ရှိသည်။

စာမျက်နှာ ၇ သို့ ✪

# စားသုံးသူအသိပညာပေးရေးကိစ္စများကို ဦးစားပေးကဏ္ဍအနေဖြင့် ဆောင်ရွက်ရမည်



**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၂)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက် အမှာစကားပြောကြားသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌက စားသုံးသူကာကွယ်ရေးဥပဒေတွင် စားသုံးသူအခွင့်အရေး ၈ ရပ်ကို ပြဋ္ဌာန်းထားသော်လည်း ယနေ့ခေတ်ကာလနှင့်အညီ ပြောင်းလဲတိုးတက်နေသည်နှင့်အမျှ စားသုံးသူအခွင့်အရေးများသည် တိုးတက်ကျယ်ပြန့်မှုများရှိလာကြောင်း၊ စားသုံးသူအခွင့်အရေးများသည် တိုးတက်ကျယ်ပြန့်လာသကဲ့သို့ တစ်ဖက်တွင်လည်း စားသုံးသူများလိုက်နာရမည့် တာဝန်များသည်လည်း ကျယ်ပြန့်လာသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော်လည်း မိမိနိုင်ငံတွင် စားသုံးသူအခွင့်အရေးနှင့် စားသုံးသူများလိုက်နာရမည့် တာဝန်များကို စားသုံးသူအများစုက သိရှိခြင်းမရှိသေးသည့်အတွက် စားသုံးသူအသိပညာပေးရေး ကိစ္စများကိုလည်း ကော်မရှင်အနေဖြင့် ဦးစားပေးကဏ္ဍအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

စားသုံးသူကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စားသုံးသူရေးရာ ကော်မတီများကို ဖွဲ့စည်းထားရှိပြီး ဥပဒေအရ ကော်မတီများကို လုပ်ပိုင်ခွင့်များ အပ်နှင်းထားသဖြင့် အဆိုပါ ကော်မတီများအနေဖြင့် စားသုံးသူများနှင့် ထိတွေ့ဆက်ဆံမှု ပိုမိုများပြားသည်နှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီနှင့်အတူ လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် လက်ရှိ ၂၀၂၂ ခုနှစ်တွင် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံက လွှဲပြောင်းတာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အဖွဲ့ဝင်များအနေဖြင့် စားသုံးသူအသိပညာပေးရေးကဏ္ဍ အပါအဝင် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားအတွက် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သော အစီအမံများကို အခါအားလျော်စွာ ဖော်ထုတ်ဆွေးနွေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ယခင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စားသုံးသူတိုင်ကြားမှုများနှင့် စပ်လျဉ်း၍ အယူခံဝင်ရောက်မှုအပေါ် ဆုံးဖြတ်ရန်ကိစ္စများ၊ ကော်မရှင်က အဆုံးအဖြတ်ပေးရမည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကော်မရှင်အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်များက ဆွေးနွေး၍ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူရေးရာ ကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၅)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်




**နေပြည်တော် ဒီဇင်ဘာ ၉**

လာအိုနိုင်ငံ လွှန်ပရာဘမ်မြို့၌ ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပသော (၂၅)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်) ဝန်ကြီးများအဆင့်အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ဝန်ကြီးများအဆင့် အလွတ်သဘောအစည်းအဝေးကို ကျင်းပခဲ့ပြီး ဂျီအမ်အက်စ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဂျီအမ်အက်စ် အသိပညာကွန်ရက် ထူထောင်ခြင်းဆိုင်ရာ ကိစ္စရပ်များအပေါ်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အလွတ်သဘောဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအဆင့် စုံညီအစည်းအဝေးကို "အားလုံးပါဝင်ပြီး ရေရှည်ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် နှစ်(၃၀)အတွင်း ရရှိခဲ့သည့် မဟာမဲခေါင်ဒေသခွဲ၏ အောင်မြင်မှုများမှတစ်ဆင့် စီးပွားရေးပြန်လည်ကောင်းမွန်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်ရေး" ဟူသည့် ခေါင်းစဉ်ဖြင့်ကျင်းပခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် ဂျီအမ်အက်စ်အဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌတို့က အမှာစကား ပြောကြားခဲ့ကြသည်။

ဝန်ကြီးများအဆင့် စုံညီအစည်းအဝေးတွင် အဆင့်မြင့်အရာရှိများအစည်းအဝေး၊ စီးပွားရေးကောင်စီအစည်းအဝေးနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ အစည်းအဝေးအစီရင်ခံစာတို့ကို ရှင်းလင်းတင်ပြခဲ့ပြီး ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု မူဘောင်အသစ်(၂၀၂၃-၂၀၂၅)၊ ဂျီအမ်အက်စ်မဟာဗျူဟာ မူဘောင် ၂၀၃၀ အတွက် ရလဒ်မူဘောင်၊ ဂျီအမ်အက်စ် ကျားမရေးရာ မဟာဗျူဟာ၊ ဂျီအမ်အက်စ် ဒစ်ဂျစ်တယ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကနဦးလုပ်ဆောင်ချက်တို့ကို အတည်ပြုခဲ့ပြီး (၂၅)ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများအဆင့် အစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါအစည်းအဝေးများကို အိမ်ရှင်နိုင်ငံဖြစ်သည့် လာအိုနိုင်ငံ၊ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနဝန်ကြီး မစ္စတာ ခမ်ဂျနီဗွန်ဖိုစီက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်၊ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဥက္ကဋ္ဌ မစ္စတာ အာမက်အမ်ဆာဆိက တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

အဆိုပါ (၂၅)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအဆင့် စုံညီအစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံညှိနှိုင်းရေးမှူးများ၊ အဆင့်မြင့်အရာရှိများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၅၀ ခန့် ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

✪ စာမျက်နှာ ၆ မှ

စက်သုံးဆီလျှော့ချနိုင်ရန်အတွက် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်များကို လျှပ်စစ်ဓာတ်အားသုံးအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရေး အချိန်ယူဆောင်ရွက်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင်လည်း လောင်စာနှင့် ဓာတ်ငွေ့များ အသုံးပြုခြင်းထက် နေရောင်ခြည်စွမ်းအင်သုံးနှင့် လေစွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ရေအားလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများ ထုတ်ယူနိုင်ရေးအတွက်လည်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ရာ အောင်မြင်မှုသတင်းကောင်းများ ကြားရမည်ဖြစ်သည်။

**မြန်မာ့ဆန်စပါးတိုးတက်ထုတ်လုပ်**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဆန်စပါးကဏ္ဍသည် ယခင်ကထက် ပိုမိုဦးစားပေးဆောင်ရွက်ရန်လိုအပ်သည်။ ခေတ်နှင့်အညီ ခေတ်မီနည်းစနစ်များဖြင့် အရည်အသွေးနှင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် ဆန်စပါးတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေးကို ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အမျိုးသားပို့ကုန်မဟာဗျူဟာရည်မှန်းချက်အရ မြန်မာ့ဆန်စပါးတိုးတက်ထုတ်လုပ်ပြီး ပို့ကုန်တိုးမြှင့်ရန်နှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ ခုနှစ်ကို နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့် ကြိုးပမ်းစို့ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့က ကျင်းပခဲ့သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကြမ်းများရရှိရေး၊ လိုအပ်သည့်ငွေကြေးများရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးတို့ အပါအဝင်လိုအပ်ချက်များကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ဖြည့်ဆည်းပေးခဲ့ပြီး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားမှုများ၊ တိုက်တွန်းအားပေးမှုများကို ပြုလုပ်ပေးခဲ့ရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ကြီးမားသည့်အင်အားကို ဖြစ်ပေါ်စေပြီး နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် အထူးကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

❐ **ဒီဇင်ဘာမှ**

ဆိုက်ရောက်ကြမည်ဖြစ်ပြီး ရန်ကုန်-မော်လမြိုင်-ရန်ကုန် အစုန်/အဆန် ညအမြန်ရထားများကို နေ့စဉ်ပြေးဆွဲသွားမည်ဖြစ်သည်။

ယင်းရထားများသည် လမ်းခရီး၌ ပေါင်ဘူတာ၊ သထုံဘူတာ၊ ပဲခူးဘူတာ၊ တိုးကြောင်ကလေးဘူတာတို့တွင်သာ ရပ်တန့်သွားမည်ဖြစ်ပြီး ရန်ကုန်မှ မော်လမြိုင်သို့ ရထားပြေးဆွဲချိန်သည် ကိုးနာရီကျော်သာကြာမြင့်မည်ဖြစ်ကာ လက်မှတ်ခနှုန်းထားအနေဖြင့် တစ်ဦးလျှင် အထက်တန်း ကျပ် ၇၀၅၀၊ ရိုးရိုးတန်း ကျပ် ၃၅၅၀ ဖြစ်ကြောင်း သိရသည်။

"အခု လေအိတ်ရထားဖြစ်တဲ့အတွက် တွဲတွေသန့်ရှင်းသပ်ရပ်ပြီး ခရီးသည်တွေ လုံခြုံရေးအတွက် CCTV ကင်မရာတွေ တပ်ဆင်ထားပါတယ်။ ရိုးရိုးတန်း ခုနစ်တွဲ၊ အထက်တန်း ငါးတွဲ၊ ဘရိတ်တွဲတစ်တွဲ ပါရှိပြီးတော့ အစုန်/အဆန် ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာ့မီးရထား(သွားလာရေး/တိုင်းရုံး) တိုင်းအမှတ်(၈) မော်လမြိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သန်းမင်းအောင်(သတင်းစဉ်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနအသီးသီးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲရှိ ဌာနဆိုင်ရာအကြီးအကဲများဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနအသီးသီးရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

**ဆွေးနွေးမှာကြား**

တွေ့ဆုံစဉ် လုပ်ငန်းဆောင်ရွက်နေမှု၊ လုပ်ငန်းလိုအပ်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမှာကြားကာ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မက္ကဒေးမီးယားစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ

ပြင်ဦးလွင် ဒီဇင်ဘာ ၉

စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲနှင့်ပူးပေါင်း၍ မဲခေါင်-လန်ချန်းဒေသရှိ မက္ကဒေးမီးယားခြံပိုင်ရှင်များ၏ စိုက်ပျိုးထုတ်လုပ်မှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအစီအစဉ်ဖြင့် မက္ကဒေးမီးယား စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ Royal Park View Hotel ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မြန်မာနိုင်ငံ မက္ကဒေးမီးယားအသင်းအဖွဲ့ စတင်တည်ထောင်ရာတွင် လုပ်ငန်းစဉ်ပါဝင်မည့်သူများကို အသင်းအဖွဲ့ စုစည်းပြီးစတင်ဆောင်ရွက်နေကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရှေ့ဆက်ပြဿနာအခက်အခဲများကို ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ တိုးချဲ့ဆောင်ရွက်စိုက်ပျိုးနိုင်ရန်အတွက် ပြည်တွင်းတွင်စိုက်ပျိုးရန် ပြည်ပပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုမှ မဲခေါင်-လန်ချန်းသည် နောင်တစ်ချိန်တွင် သမိုင်းတွင်မည်ဖြစ်သောကြောင့် မက္ကဒေးမီးယားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လုပ်ငန်းစဉ်များကို ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ဟုန်းပြည်နယ်ခွဲ စက်မှုသတင်းအချက်အလက်နှင့် သိပ္ပံနည်းပညာဌာန ညွှန်ကြားရေးမှူး Mr. Xiang Shibao နှင့် တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး ညွှန်ကြားရေးမှူး ဦးဌေးမြင့်တို့ကလည်း နှစ်ဦးနှစ်ဖက်အတွက် မြန်မာနိုင်ငံနှင့် အထူးနည်းပညာများသင်ကြားပေးရန် ပညာသင်များစေလွှတ်နိုင်ရန်အစီအစဉ်များရှိပါကြောင်း၊ သိပ္ပံနည်းပညာပူးပေါင်းဆောင်ရွက်ရေး အထူးအစီအစဉ်လည်းရှိနေကြောင်း၊ စီးပွားကုန်သွယ်မှုစမ်းသပ်ဇုန်အဖြစ် စမ်းသပ်ရန် မူဝါဒများချထားပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးဖြေကြား**

ထို့နောက်နှစ်ရှည်သီးနှံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဌာနခွဲမှ တာဝန်ခံ ဦးအောင်နိုင်ထွန်းတို့ကလည်း မက္ကဒေးမီးယားပင်များအကြား ကော်ဖီပင်များစိုက်ပျိုးနိုင်ရန်နှင့် ပျားမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်ဆွေးနွေးကြပြီး မက္ကဒေးမီးယားစိုက်ပျိုးသူများ၏ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ဆွေးနွေးဖြေကြားသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်၊ နှစ်ရှည်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ မက္ကဒေးမီးယားခြံပိုင်လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

သတင်းစဉ်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း ရန်ကုန်-မော်လမြိုင်-ရန်ကုန် သီးသန့်လေယာဉ်ခရီးစဉ်ပြေးဆွဲနေမှု သွားရောက်ကြည့်ရှု




နေပြည်တော် ဒီဇင်ဘာ ၉

မွန်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာလအတွင်း လေကြောင်းခရီးစဉ်ပြေးဆွဲမှုများ ယာယီရပ်နားထားခဲ့ရပြီး ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ထားသည့် ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-မော်လမြိုင်-ရန်ကုန် သီးသန့်လေယာဉ်ခရီးစဉ် ပြေးဆွဲနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်လေဆိပ်၌ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

**တွေ့ဆုံ**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် လေဆိပ်တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ခရီးစဉ်အတွင်း လုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်၊ လေဆိပ်ပရဝဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ခရီးသွားပြည်သူများအတွက် ကောင်းမွန်သော ခရီးသွားဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်လေဆိပ်၌ ခရီးစဉ်ဆိုက်ရောက်၊ ထွက်ခွာ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်နေမှု၊ လေယာဉ်ပြေးလမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်ပြည်နယ်အတွင်း လေယာဉ်ခရီးစဉ်ပြေးဆွဲမှုအနေဖြင့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ရန်ကုန်-ကော့သောင်း-မော်လမြိုင်-ရန်ကုန် ခရီးစဉ်ကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင်လည်းကောင်း၊ AIR THANLWIN လေကြောင်းလိုင်းမှ ရန်ကုန်-မော်လမြိုင်-ရန်ကုန် သီးသန့် လေယာဉ်ခရီးစဉ်များကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် လည်းကောင်း တစ်ပတ်လျှင် နှစ်ကြိမ်စီ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အာရှ-ပစိဖိတ်ဒေသတွင်း အရိုးပွရောဂါဆိုင်ရာလုပ်ငန်းအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၉

စင်ကာပူနိုင်ငံ၌ ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပမည့် အာရှ-ပစိဖိတ်ဒေသတွင်း အရိုးပွရောဂါဆိုင်ရာလုပ်ငန်းအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ ဒေါက်တာတက်ထွန်းချစ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။



**နိုင်ငံတကာမှ ပညာရှင်များနှင့်အတူ ဆွေးနွေးကြမည်**

အဆိုပါ အာရှ-ပစိဖိတ်ဒေသတွင်း အရိုးပွရောဂါဆိုင်ရာလုပ်ငန်းအဖွဲ့သည် အရိုးပါး၊ အရိုးပွရောဂါကုသရေးနှင့် အရိုးကျိုးမှုများကို ကာကွယ်ရန်အတွက် ဒေသတွင်းပညာရှင်များစုပေါင်း၍ ကုသရေးဆိုင်ရာ လိုအပ်ချက်များကိုဖြေရှင်းရန် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံမှ ကျန်းမာရေးပညာရှင်အဖွဲ့ဝင်အဖြစ် ပါမောက္ခ ဒေါက်တာတက်ထွန်းချစ်က ၂၀၁၉ ခုနှစ်မှစတင်၍ ပါဝင်ဆောင်ရွက်ခဲ့ရာ ယခုကျင်းပမည့်ထိပ်သီးအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် နိုင်ငံတကာမှ ပညာရှင်များနှင့်အတူ ဆွေးနွေးကြမည် ဖြစ်ပါသဖြင့် နိုင်ငံ၏ အရိုးပါး၊ အရိုးပွရောဂါကုသရေးနှင့် အရိုးကျိုးမှုများကို ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သူ့ကျွန်မခံပြီ (၂၅)နှစ်ပြည့်ငွေရတု တွေ့ဆုံပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

၁၉၉၇ ခုနှစ်က ရုံတင်ပြသခဲ့သည့် "သူ့ကျွန်မခံပြီ" ရုပ်ရှင်ဇာတ်ကားသည် ယခုအခါ (၂၅)နှစ်မြောက် ငွေရတုအခါသမယ ရောက်ခဲ့ပြီဖြစ်သည်။

အဆိုပါ "သူ့ကျွန်မခံပြီ" ဇာတ်ကားကို ဖန်တီးခဲ့ကြသူ၊ ပါဝင်ခဲ့သူ၊ ရုပ်ရှင်ဇာတ်ကား ဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသူများ၏ (၂၅)နှစ်ပြည့် ငွေရတုတွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းရှိ သမ္မတရုပ်ရှင်ရုံ ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ သူ့ကျွန်မခံပြီ ဇာတ်ကားကို ဖန်တီးခဲ့ကြသူများ၊ ပါဝင်လှုပ်ရှားခဲ့ကြသူများ၊ အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ အဆိုပါဇာတ်ကားကို ကြည့်ရှုရာတွင် အမျိုးသားရေးစိတ်ဓာတ်များ များစွာ တွေ့မြင်ရပါကြောင်း၊ သမိုင်းဖြစ်ရပ်မှန်များကို



ရိုက်ကူးထားသဖြင့် မျိုးဆက်သစ်လူငယ်များအတွက် အကျိုးကျေးဇူးများစွာ ရရှိခဲ့ပါကြောင်း၊ ဇာတ်ကားတွင် မင်းသား၊ မင်းသမီးပေါင်းစုံ အခန်းကဏ္ဍအသီးသီးကို စီစဉ်တည်းဖြတ်ပြီး ရိုက်ကူးထားသည်ကို တွေ့ရပါကြောင်း၊ ဇာတ်ကားရိုက်ကူးစဉ်ကာလက အခက်အခဲများစွာဖြင့် ရိုက်ကူးထားသဖြင့် နောင်တွင် အကျိုးပြုမည့် ဇာတ်ကားကောင်းတစ်ခုဖြစ်ပါကြောင်း၊ ငွေရတုသို့ ရောက်ရှိခဲ့သည့် အဆိုပါဇာတ်ကားတွင် ပါဝင်ခဲ့ကြသူများနှင့် ပြန်လည်တွေ့ဆုံရ၍ အင်မတန်ဝမ်းသာဂုဏ်ယူ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာဦးကြည်စိုးထွန်းက သူ့ကျွန်မခံပြီ (၂၅)နှစ်ပြည့် ငွေရတုမှတ်တမ်းစာအုပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ဤစာအုပ်သည် ၁၉၉၇ ခုနှစ်က ရုံတင်ပြသခဲ့သော သူ့ကျွန်မခံပြီ ရုပ်ရှင်ဇာတ်ကား ရိုက်ကူး ၊ ထုတ်လုပ်၊ ပြသခဲ့ သည့် (၂၅)နှစ်ပြည့် အမှတ်တရ ထုတ်ဝေသော စာအုပ်ဖြစ်ပြီး အမှတ်တရစာအုပ်ဖြစ်ခြင်းကြောင့် သူ့ကျွန်မခံပြီ ရုပ်ရှင်ဇာတ်ကားရိုက်ကူးရန် စဉ်းစားခဲ့သည်မှအစ ရုပ်ရှင်အဖြစ် ရိုက်ကူးရန် ဖွဲ့စည်းဆောင်ရွက်မှုများ၊ ရိုက်ကူးခဲ့ကြသည်များ၊ ရုံတင်ပြသခဲ့ကြသည်များအကြောင်းကို မရိုက်ကူးမီ၊ ရိုက်ကူးချိန်၊ ပြသချိန်နှင့် နောက်ကြောင်းပြန် (၂၅)နှစ်ကာလကို အပိုင်းကြီးလေးပိုင်းခွဲ၍ တင်ပြထားပါကြောင်း၊ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပမည့် လူငယ်နှင့် စာပေအနုပညာပြပွဲတွင် သူ့ကျွန်မခံပြီ ဇာတ်ကားကို ကျောင်းသားကျောင်းသူများအား ပြသသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အခမဲ့ဖြန့်ဝေ**

ထို့နောက် လွန်ခဲ့သည့် (၂၅)နှစ်က သူ့ကျွန်မခံပြီ ဇာတ်ကားတွင် ပါဝင်ခဲ့ကြသည့် ပညာရှင်များနှင့် အနုပညာရှင်များက မိမိတို့ ပါဝင်ဖန်တီးခဲ့မှု အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများအား သူ့ကျွန်မခံပြီ (၂၅)နှစ်ပြည့် ငွေရတုမှတ်တမ်းစာအုပ်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ နှီးနှောဖလှယ်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

အစီအစဉ်အရ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲ အခမ်းအနားတွင် သဘာပတိအဖြစ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဆရာကြီးဦးဝထွန်း ပါမောက္ခချုပ်(ငြိမ်း)၊ ဆေးဝါးတက္ကသိုလ်မှ ပါမောက္ခဒေါက်တာစန်းစန်းနွဲ့တို့က ဆောင်ရွက်ကာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နှီးနှောဖလှယ်ပွဲတွင် ပါမောက္ခချုပ်(ငြိမ်း) ဆေးဝါးတက္ကသိုလ်မှ ပါမောက္ခဒေါက်တာစန်းစန်းနွဲ့က သဘာပတိအဖြစ်ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဆရာကြီးဦးဝထွန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းညွန့်တို့က ဆောင်ရွက်သည်။

ထို့နောက် ရိုးရာတိုင်းရင်းဆေး ကုထုံးနည်းစနစ်များနှင့် ဆေးဝါးများကို လက်တွေ့အသုံးချနိုင်ရေးအတွက် စနစ်တကျ ဖော်ထုတ်နိုင်ရန် စာတမ်းများ ဖတ်ကြားဆွေးနွေးကြရာ ကချင်ပြည်နယ် ညီလာခံကိုယ်စားလှယ် ဆရာမကြီး ဒေါ်ကြည်ငွေးက "ရိုးရာဆေးအစ်ဖြင့်လှည့်လည် အသုံးပြုကုသမှု"၊ တိုင်းရင်းဆေးတက္ကသိုလ် ခန္ဓာဗေဒဌာန ကထိက/ဌာနမှူး (ငြိမ်း) ဒေါက်တာနွယ့်ဝင်းက "နက္ခတ္တနယ ဆေးပညာ ဝိုင်းဝန်းဖော်ထုတ် ထိန်းသိမ်းပါ"၊ ကရင်ပြည်နယ်မှ ဒေါက်တာသီသီထိုက်က "ကရင်ပြည်နယ် ဘားအံခရိုင်အတွင်းရှိ ကျေးရွာများတွင် အသုံးပြုနေသော ဆေးဖက်ဝင်အပင်အချို့ကို လေ့လာခြင်း"၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသိန်းဇော်က "သွပ်ပြာစီရင်ခြင်းနှင့် သွပ်ပြာအသုံးပြုပုံများအား လေ့လာတင်ပြခြင်း"၊ ရှမ်းပြည်နယ် ညီလာခံကိုယ်စားလှယ် ဦးမင်းဟန်က "ရှမ်းရိုးရာ ထယ်နင်း "ယိမ့်ထိုင်" အပူပေးကုသမှုကို ဖော်ထုတ်လေ့လာခြင်း" စာတမ်းများဖတ်ကြားကြသည်။

**မေးမြန်းဆွေးနွေး**

မွန်းလွဲပိုင်းတွင် နှီးနှောဖလှယ်ပွဲ ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီနာယကက ဆရာကြီး ဦးမြင့်လွင်က သဘာပတိအဖြစ် ဆောင်ရွက်ကာ သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဆရာဦးအောင်မြတ်ကျော်နှင့် တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်းတို့က ဆောင်ရွက်ပြီး ကချင်ပြည်နယ် မြစ်ကြီးနားမှ ဆွမ်ဒူဇော်နော်နှင့် အဖွဲ့က "ကချင်တိုင်းရင်းသားများ၏ ရိုးရာ အာဟာရဖြည့်စွက်စာ"၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညီလာခံကိုယ်စားလှယ် ဒေါ်ဥမ္မာမြတ်က "သင်အံကျက်မှတ် လက်ဆင့်ကမ်းလာ တြိသတ်ကုထုံးလင်္ကာ"၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်နှင်းဆီက "အစွမ်းထက်သော ဆေးပင်အကြောင်း(သို့) ပတ္တမြားစန္ဒီပင်"၊ ရခိုင်ပြည်နယ် တောင်ကုတ်မှ ဦးလှမြင့်အောင်နှင့်အဖွဲ့က "ရခိုင်ရိုးရာဓာတ်ငုပ်နာကုထုံး"၊ တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဦးဝင်းစိုးက "မြန်မာ့အာယုဗ္ဗေဒဆေးပညာနှင့် အပိန်အဝပြဿနာလာ အပိန်အဝနှင့် ပတ်သက်သည့် ဆောင်ပုဒ်လင်္ကာများအား စာပေသုတေသနအမြင်ဖြင့်လေ့လာခြင်း" စာတမ်းများဖတ်ကြားပြီး နှီးနှောဖလှယ်ပွဲ တက်ရောက်လာကြသူများက စာတမ်းများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးအကြံပြုကြကာ ပညာရပ်များ နှီးနှောဖလှယ်ကြသည်။

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနားတွင် သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက ဆောင်ရွက်ပြီး (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပေးခဲ့ကြသူများ၊ စာတမ်းရှင်များ၊ ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ပေးသော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ထို့နောက် ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက် အဘက်ဘက်မှ ပူးပေါင်းပါဝင် ပံ့ပိုးကူညီပေးကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ စုပေါင်းအားဖြင့် ဆက်လက်ဆောင်ရွက်ကြရန်ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။



**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့်သင်တန်း အမှတ်စဉ်(၉၀) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

စာရေးဝန်ထမ်း ကြီးကြပ်မှုတန်းမြင့်သင်တန်း အမှတ်စဉ်(၉၀) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်း အမှာစကား ပြောကြားသည်။

**တက်ရောက်**

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၁၁ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ အောက်တိုဘာ ၃ ရက် မှ ဒီဇင်ဘာ ၉ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■





## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ရှမ်းပြည်နယ်တွင် လုပ်ငန်းညှိနှိုင်းစည်းဝေး

**တောင်ကြီး ဒီဇင်ဘာ ၉**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂) ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စည်စည်ကားကား ကျင်းပမည်**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို စည်စည်ကားကား ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးကို အထူးကြပ်မတ်ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့် လုပ်ငန်းကော်မတီအသီးသီးက ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



## တရားမဝင်ကုန်သွယ်မှုများရှိနေသည့်အတွက် နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်ဝင်ငွေများစွာ ဆုံးရှုံးမှုများဖြစ်ပေါ်

**ဘားအံ ဒီဇင်ဘာ ၉**

တရားမဝင် ကုန်သွယ်မှုများရှိနေသည့်အတွက် နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်ဝင်ငွေများစွာဆုံးရှုံးမှုများဖြစ်ပေါ်နေရကြောင်း ယမန်နေ့မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပသည့် တရားမဝင် ကုန်သွယ်မှုများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြောကြားသည်။

**ကာကွယ်တားဆီး**

ပြည်နယ် ဝန်ကြီးချုပ်က နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ၊ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာရန်ပုံငွေရရှိရန် လိုအပ်ပြီး၊ တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများပပျောက်ရန်လိုအပ်ပြီး တရားဝင်လမ်းကြောင်းများတွင် သွားလာလုပ်ကိုင်တက်စေရန် စည်းရုံးပြောဆိုအရေးယူမှုများ ဆောင်ရွက်ရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုဖြင့် အခွန်ရှောင်ခြင်းသည် တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာမဲ့ရာရောက်ပြီး ပြည်နယ်အတွင်း အဆင့်ဆင့် ဖွဲ့စည်းထားသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် တာဝန်သိသိ တာဝန်ရှိရှိဖြင့် ကာကွယ်တားဆီးရေး လုပ်ငန်းများကို အဂတိတရားကင်းရှင်းစွာဖြင့် အလေးအနက်ထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် အဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ဇော်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်လာသော ခရိုင်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအဖွဲ့ဥက္ကဋ္ဌများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းရင်းသားလက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်အသင်းတို့က ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးဖြင့် ရင်းနှီးမြှုပ်နှံ ဆရာ ဆရာမများ၏အခန်းကဏ္ဍသည် အဓိကဖြစ်

**ပုသိမ် ဒီဇင်ဘာ ၉**

တပည့်များ၏ အတုယူစရာ စံနမူနာပြများ ဖြစ်စေရေး ဆရာကျင့်ဝတ်နှင့်အညီ ပြုမူနေထိုင်ကြရန်နှင့် နိုင်ငံတော်နှင့် တိုင်းဒေသကြီးအတွက် အားကိုးအားထားပြုနိုင်သည့် ဆရာ ဆရာမများ ဖြစ်စေရေး ကြိုးစားကြရန် ယနေ့နံနက်ပိုင်းက ပုသိမ်ပညာရေးဒီဂရီကောလိပ်၌ ကျင်းပသည့် လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် ပထမနှစ်ကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ပြောကြားသည်။

**သွန်သင်ဆုံးမ**

တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးဖြင့် ရင်းနှီးမြှုပ်နှံရမှာဖြစ်သလို ထိုသို့ဆောင်ရွက်ရာမှာ ဆရာ ဆရာမများ၏ကဏ္ဍသည် အဓိကဖြစ်ကြောင်း၊ ပညာရေးကဏ္ဍ တိုးတက်ပြောင်းလဲရန်အတွက် ဆရာ ဆရာမများက စတင်ပြောင်းလဲရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိ၏ တပည့်များအား မတတ်သည်များကို တတ်အောင်၊ မသိသည်များကို သိအောင်၊ နားမလည်သည်များကို နားလည်အောင်၊ မကျွမ်းကျင်သည်များကို ကျွမ်းကျင်အောင်၊ မလိမ္မာသည်များကို လိမ္မာအောင်၊ လမ်းမှားရောက်နေသည်များကို လမ်းမှန်ရောက်အောင် သွန်သင်ဆုံးမပေးရမည်ဖြစ်ကြောင်း၊ စေတနာ၊ ဝါသနာ၊ အနစ်နာ စသည့် နာသုံးနာကို အရင်းခံပြီး စွမ်းဆောင်ရည်နှင့် အရည်အသွေးမြင့်မားရေးအတွက် အစဉ်လေ့လာသင်ယူနေကြသည့် ထာဝရကျောင်းသားကြီးများအဖြစ်ခံယူ၍ လေ့လာဆည်းပူးကြရန် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်ပညာရေးဒီဂရီကောလိပ်တွင် တက်ရောက်နေသည့် ပထမနှစ် (ဒုတိယနှစ်ဝက်) ကျောင်းသူများ၏ မမပုသိမ်သူ သီချင်းဖြင့် ကြိုဆိုကပြ ဖျော်ဖြေမှုနှင့် ဒုတိယနှစ် ကျောင်းသား ကျောင်းသူများ၏ ထာဝရသစ္စာသီချင်းဖြင့် ကြိုဆိုကပြ ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## လားရှိုးမြို့နှင့် မြစ်ကြီးနားမြို့ရှိ သင်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၅ ရက် ညနေပိုင်းတွင် လားရှိုးမြို့ ခရိုင်လူမှုဝန်ထမ်းရုံးနှင့် အမှတ်(၁) မူလတန်းကြိုကျောင်းများ၌ မူကြိုကလေးများအတွက် ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးရေး သင်ကြားပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လားရှိုးလူငယ်သင်တန်းကျောင်း၌ သင်တန်းသားများကို အားပေးစကားပြောကြားသည်။



**မှာကြား**

ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းရှိ သင်တန်းသားများနှင့်တွေ့ဆုံ၍ သင်တန်းမှ သင်ကြားပေးမည့် လက်မှုအတတ်ပညာများကို စိတ်ဝင်စားစွာဖြင့်သင်ယူရန်၊ ကျန်းမာရေးဂရုစိုက်ကြရန်နှင့် သင်တန်းမှထုတ်ပြန်ထားသော စည်းကမ်းများလိုက်နာရန် မှာကြားသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ခရိုင်သိုလှောင်ရုံရှိ ထောက်ပံ့ရေးပစ္စည်းများကိုကြည့်ရှုပြီး ဝန်ထမ်းများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းများ ပုံမှန်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အမှတ်(၁) မူလတန်းကြိုကျောင်း၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများ အသိပညာတိုးတက်ရန်၊ အရည်အသွေး အရည်အချင်းများ ပြောင်းမြောက်နေရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် စိတ်ဝင်စား၍ ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်ရန် ပြောကြားသည်။

ဒီဇင်ဘာ ၇ ရက်ညနေပိုင်းတွင် မြစ်ကြီးနားမြို့ရှိ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးမှူးရုံးနှင့် သိုလှောင်ရုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဒီဇင်ဘာ ၈ ရက်နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းရှိ သင်တန်းသားအိပ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံး၌ ဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ ရောက်ရှိကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများနှင့်အတူ နေ့လယ်စာ ထမင်းလက်ဆုံစားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခေတ်နှင့်အညီ ပြန်လည်သတင်းပို့ခြင်း လုပ်ကြစေချင်

**မောင်မောင်(လှျပ်စစ်)**

ပြန်လည်သတင်းပို့ခြင်းကို ဝန်ကြီးဌာနများ၊ ရုံးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ အသင်းအဖွဲ့များ သာမက ယခုအခါ ခေတ်နှင့်အညီ မိသားစုများပါ အလေးအနက်ထား ဆောင်ရွက်သင့်ပေပြီ။

မိသားစုများအချင်းချင်း ပြန်လည်သတင်းပို့ရန် တိုက်တွန်းရခြင်းမှာ ယခုအခါ ခိုး၊ ဆိုး၊ နှိုက်၊ လုယက်မှုများအပြင် အခြားစိုးရိမ်ဖွယ်ရာအကြောင်းများကြောင့် ပျိုပျိုအိုအို၊ အမျိုးသမီးများ၊ အမျိုးသားများ ရုံးပြန်ချိန်၊ လုပ်ငန်းအသီးသီးမှပြန်ချိန် ညနေပိုင်းကို မိသားစုများ စိုးရိမ်ပူပန်စွာစောင့်နေကြမည်ဖြစ်ရာ ပုံမှန်အိမ်ပြန်ရောက်ချိန်ထက် အချိန်များစွာနောက်ကျနေပါက စိုးရိမ်စိတ်များဝင်ပြီး ပူပင်သောက များကြပေလိမ့်မည်။ သို့ပါ၍ တစ်နေ့တာလုပ်ငန်းတာဝန်ပြီးဆုံးသော်လည်း အချိန်ပိုဆင်းရခြင်း၊ သူငယ်ချင်းများအတင်းခေါ်၍ ဈေးဝယ်ထွက်ခြင်း၊ မုန့်စားသွားခြင်း၊ တစ်နေရာသို့ဝင်ရန်အကြောင်းပေါ်ပေါက်ခြင်းတို့ ရုတ်တရက်ပေါ်ပေါက်လာပါက မိမိတို့မိသားစုထံ အချိန်မဆိုင်းဘဲ ပြန်လည်သတင်းပို့သင့်ပါသည်။ အိမ်တိုင်း၊ လူတိုင်းနီးနီး လက်ကိုင်ဖုန်းကိုယ်စီရှိကြသည်ဖြစ်၍ ပြန်လည်သတင်းပို့ရန် အခက်အခဲမရှိနိုင်ပါ။

**အချိန်မီသတင်းပေး အကြောင်းကြားရန်**

အလားတူ ကျောင်းသား ကျောင်းသူများ ကျောင်းဆင်းချိန်ရောက်မှ အချိန်ပိုသင်တန်းရှိပါကလည်း မိဘအုပ်ထိန်းသူများထံ အချိန်မီသတင်းပေး အကြောင်းကြားရန် လိုအပ်ပါသည်။ မိဘအုပ်ထိန်းသူထံ ပြန်လည်သတင်းပို့ရန် လိုအပ်ပါသည်။

ထို့အတူ ကျောင်းကားစီးသူများအနေဖြင့် ကျောင်းကားပျက်ခြင်း၊ လမ်းပိတ်ဆို့ခြင်း စသဖြင့် ကြုံတွေ့နေရပါကလည်း မိမိတို့အိမ်သို့ အသိပေး အကြောင်းကြားသည်မျိုး လုပ်သင့်ပါသည်။

ပြန်လည်သတင်းပို့ခြင်း ပြုလုပ်ခြင်းကြောင့် မိမိတို့၏ သက်ဆိုင်ရာဌာနများ၊ မိသားစုများအဖို့ စီစီတီဗွီထိုင်ကြည့်နေရသကဲ့သို့ အခြေအနေ အရပ်ရပ်ကို အချိန်နှင့်တစ်ပြေးညီ သိရှိခြင်းဖြင့် လိုအပ်သလို စီစဉ်ဆောင်ရွက်ညွှန်ကြားနိုင်မည် ဖြစ်သည်။ စိတ်အေးကြရမည်ဖြစ်သည်။

သို့ရာတွင် ပြန်လည်သတင်းပို့သည့် အလေ့အကျင့်ကို လက်နက်ကိုင်အဖွဲ့အစည်း၌သာ စဉ်ဆက်မပြတ် ကျင့်သုံးလျက်ရှိမည်ထင်ပါသည်။ ဝန်ကြီးဌာနများ၊ အစိုးရလုပ်ငန်းများ၊ အရပ်ဘက်အဖွဲ့အစည်းများတွင် ပြန်လည်သတင်းပို့မှု နည်းပါးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

စင်စစ် ပြန်လည်သတင်းပို့ခြင်းမှာ အလွန်အရေးပါသော၊ လုပ်သင့်လုပ်ထိုက်သော အလုပ်ဖြစ်သည်ကို သိရှိသဘောပေါက်စေချင်ပါသည်။

တစ်ဦးတစ်ယောက် (သို့မဟုတ်) လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို တာဝန်တစ်ရပ်ပေးအပ်လိုက်ပါက တာဝန်ပေးအပ်ခံရသူများက တာဝန်ပေးအပ်သူ (သို့မဟုတ်) တာဝန်ရှိသူထံ ပေးအပ်လိုက်သောလုပ်ငန်းတာဝန် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်နိုင်မှု အခြေအနေတို့ကို လုပ်ငန်းဆောင်ရွက်နေချိန်အတွင်း ပြန်လည်သတင်းပို့ရန် လိုအပ်ပါသည်။

လက်နက်ကိုင်အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်လိုက်ပါက တာဝန်ထမ်းဆောင်သူတို့မှာ မိမိတို့တပ်ရင်းတပ်ဖွဲ့သို့ လုပ်ငန်းအဆင့်ဆင့်ကို အချိန်နှင့်အမျှ ပြန်လည်သတင်းပို့ရပေသည်။ ပျက်ကွက်၍မရပါ။ သို့မှသာ တာဝန်ထမ်းဆောင်နေသူ ရှေ့တန်းနှင့် တာဝန်ပေးအပ်သူနောက်တန်းစခန်းတို့ စဉ်ဆက်မပြတ်အဆက်အသွယ်ရကာ ရှေ့တန်းမှ လိုအပ်သည်များကို နောက်တန်းမှအချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းကူညီပေးနိုင်မည်ဖြစ်သည်။ ထိုသို့ စဉ်ဆက်မပြတ် ပြန်လည်သတင်းပို့ခြင်းဖြင့် သွားရောက်ရာ လမ်းကြောင်းမှန်၊ မမှန်၊ အခက်အခဲ အတားအဆီးရှိ၊ မရှိ၊ လိုရာခရီးရောက်၊ မရောက်ကိုလည်း နောက်တန်းမှသိရှိနိုင်မည် ဖြစ်သည်။

**ပြန်လည်သတင်းပို့ရန်လိုအပ်**

ထို့အတူ အစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ အသင်းအဖွဲ့များ၌လည်း ဌာနတစ်ခုမှဌာနတစ်ခု၊ တစ်နေရာမှ တစ်နေရာသို့ တာဝန်ပေးစေလွှတ်လျှင် တာဝန်ထမ်းဆောင်ရသူက တာဝန်ပေးအပ်သူ (သို့မဟုတ်) သက်ဆိုင်ရာဌာနသို့ သွားရောက်ရသောကိစ္စတာဝန်နှင့်ပတ်သက်၍ ပြန်လည်သတင်းပို့ရန် လိုအပ်ပေသည်။ သို့မှသာ တာဝန်ရှိသူ (သို့မဟုတ်) သက်ဆိုင်ရာဌာနက ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကို လိုအပ်သလိုညွှန်ကြားနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ငွေပေး၊ ငွေယူကိစ္စများ၊ အရောင်းကိုယ်စားလှယ်များ၊ အဝယ်တော်များ၊ အရေးကြီးသောပစ္စည်းများကို သယ်ယူပို့ဆောင်ရသူများအနေဖြင့် ပြန်လည်သတင်းပို့ခြင်းကို 'မပျက်မကွက်'၊ 'မမေ့မလျော့'၊ 'မပျင်းမရိ' အချိန်နှင့်တစ်ပြေးညီ ဂရုတစိုက်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ငွေပေး၊ ငွေယူကိစ္စများ၊ အရောင်းကိုယ်စားလှယ်များ၊ အဝယ်တော်များသည် ငွေကြေးပစ္စည်းတို့ကို ကိုင်တွယ်လုပ်ဆောင်ရသည်ဖြစ်သဖြင့် အထူးသတိထားပြီး ငွေကြေးကိစ္စဆောင်ရွက်မှု အခြေအနေ၊ အရောင်းကိုယ်စားလှယ်များကလည်း ကုန်ပစ္စည်းရောင်းချမှုအခြေအနေ၊ အဝယ်တော်များကလည်း ပစ္စည်းဝယ်ယူရရှိသည့်အခြေအနေ၊ ပစ္စည်းအရည်အသွေးစသည်တို့ကို သက်ဆိုင်သူထံ မပြတ်ပြန်လည်သတင်းပို့ခြင်းဖြင့် မိမိ၏လုပ်ငန်း အောင်မြင်မှုရသလို မိမိအပေါ်ယုံကြည်စိတ်ချအားထားမှု ပိုမိုလာမည်ဖြစ်သည်။

**ပစ္စည်းဆုံးရှုံးလေလွင့်မှု၊ ငွေကြေးအလွဲသုံးစားမှု**

လုပ်ငန်းရှင်များ၊ ကုမ္ပဏီပိုင်ရှင်များကလည်း တစ်ဖက်သူ၏ ပြန်လည်သတင်းပို့ခြင်းကို အလေးအနက်ထားရန် လိုအပ်ပေသည်။ အပိုပါ၊ မလိုပါဘူးဟု မခံယူစေချင်ပါ။ ဝန်ထမ်းများဘက်က ပြန်လည်သတင်းပို့ခြင်း အလေ့အကျင့်မရှိပါက ပိုင်ရှင်များက အလေ့အကျင့်ရှိအောင် ပြောကြားဆောင်ရွက်ရန် လိုအပ်ပါသည်။ လိုအပ်လျှင် လိုအပ်သလို ပြန်လည်သတင်းပို့ခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းတို့ကြောင့် ပစ္စည်းဆုံးရှုံးလေလွင့်မှု၊ ငွေကြေး အလွဲသုံးစားမှုများ လျော့နည်းပပျောက်သွားနိုင်ပါသည်။

ယခုအခါ ခေတ်မီတိုးတက်လာသည့်နည်းတူ လောဘ၊ ဒေါသ၊ မောဟ၊ ရာဂတို့ ကြီးစိုးမင်းမူနေသည်ဖြစ်ရာ ခရီးသွား အမျိုးသား အမျိုးသမီးများ၊ ကုန်သည်ပွဲစား အရောင်းသမားများ၊ ဝန်ထမ်းများအဖို့ သွားသတိ၊ စားသတိ၊ လာသတိ၊ နေသတိ၊ အရာရာသတိစွဲနေရချိန်ဝယ် ပြန်လည်သတင်းပို့ခြင်းကို အလေးအနက်ဆောင်ရွက်ကြစေလိုပါသည်။ ဆောင်ရွက်ကြရန်လိုအပ်ပါသည်။

လက်ကိုင်ဖုန်းကိုယ်စီကိုင်နိုင်ကြသော ယနေ့ခေတ်အခါကာလဝယ် ဌာနဆိုင်ရာများ၊ လုပ်ငန်းဌာနအသီးသီးနှင့် မိသားစုတို့တွင် တစ်ဦးနှင့်တစ်ဦး၊ တာဝန်ရှိသူအချင်းချင်း အထက်နှင့်အောက် လိုအပ်သလို ပြန်လည်သတင်းပို့သည့်စနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်မြန်ဆန်ထိရောက်အကျိုးသက်ရောက်မည်ဖြစ်ပါ၍ ခေတ်နှင့်အညီ ပြန်လည်သတင်းပို့ခြင်းကို လုပ်ကြစေချင်ပါကြောင်း အကြံပြုရေးသားလိုက်ရသည်။ ။

> **အစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ အသင်းအဖွဲ့များ၌လည်း ဌာနတစ်ခုမှဌာနတစ်ခု၊ တစ်နေရာမှတစ်နေရာသို့ တာဝန်ပေးစေလွှတ်လျှင် တာဝန်ထမ်းဆောင်ရသူက တာဝန်ပေးအပ်သူ (သို့မဟုတ်) သက်ဆိုင်ရာဌာနသို့ သွားရောက်ရသောကိစ္စတာဝန်နှင့်ပတ်သက်၍ ပြန်လည်သတင်းပို့ရန် လိုအပ်ပေသည်။ သို့မှသာ တာဝန်ရှိသူ (သို့မဟုတ်) သက်ဆိုင်ရာဌာနက ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကို လိုအပ်သလိုညွှန်ကြားနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ငွေပေး၊ ငွေယူကိစ္စများ၊ အရောင်းကိုယ်စားလှယ်များ၊ အဝယ်တော်များ၊ အရေးကြီးသောပစ္စည်းများကို သယ်ယူပို့ဆောင်ရသူများအနေဖြင့် ပြန်လည်သတင်းပို့ခြင်းကို 'မပျက်မကွက်'၊ 'မမေ့မလျော့'၊ 'မပျင်းမရိ' အချိန်နှင့်တစ်ပြေးညီ ဂရုတစိုက်ဆောင်ရွက်ကြရန်လိုအပ်**

## မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ၊ ပြည်သူများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

မအူပင် ဒီဇင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ နယ်မြေစိုးမိုးရေးအတွက် စစ်ကြောင်းကြီးငါးကြောင်းဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ၊ ပြည်သူများတွေ့ဆုံပွဲကို ခနောင်ထော်ကျေးရွာအုပ်စု အောင်မင်္ဂလာကျောင်းတိုက် ဓမ္မာရုံနှင့် ကျောင်းရွာကျေးရွာအုပ်စု ပုပ္ပါရုံကျောင်းတိုက်ဓမ္မာရုံတို့၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများက တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ မူခင်းလျော့နည်းကျဆင်းရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူစွာပြုလုပ်နိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေး စသည့် လုပ်ငန်းကိစ္စရပ်များကို သက်ဆိုင်ရာဌာနများ အလိုက် ရှင်းလင်းဆွေးနွေး ပြောကြားပြီး တက်ရောက်လာကြသည့်ပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တက်ရောက်လာသော ပြည်သူများအား ဆန်များ လှူဒါန်းပေးခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

* ကျောဖုံးမှ

"ပုဂံကို ရုံးဖွင့်ရက်ရော ပိတ်ရက်တွေမှာပါ လာရောက်လည်ပတ်ကြတယ်။ လူမပြတ်ဘူး။ နိုင်ငံခြားခရီးသွားလည်း လေကြောင်းနဲ့ရော ကုန်းလမ်းကပါ အောက်တိုဘာလကစပြီးဝင်တာ အခု ဒီဇင်ဘာလအထိပါ။ အခါကြီးရက်ကြီး ပိတ်ရက်ရှည်ဆိုရင် ပြည်တွင်းခရီးသွားများတယ်။ ခရစ္စမတ်နဲ့ နှစ်သစ်ကူးမှာ လာရောက်လည်ပတ်ဖို့ ဟိုတယ်၊ မိုတယ်တွေက ဒေသအစားအစာနဲ့ ဖျော်ဖြေရေးပါတွဲပြီး ဝန်ဆောင်မှုပုံစံအသစ်တွေနဲ့ ပရိုမိုးရှင်းပေးဖို့ကြိုတင်ပြင်ဆင်နေပါပြီ။ နောင်နှစ် သင်္ကြန်ကာလအထိ ခရီးသွားတဖွဲဖွဲ ဝင်မှာဖြစ်တဲ့အတွက် ဟိုတယ်၊ မိုတယ်နဲ့ တည်းခိုခန်းတွေမှာ နှစ်သစ်ကူးပွဲတော်အတွက် အခန်းတွေ ကြိုတင်ယူထားကြပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်အေးချမ်းသာစွာတည်းခိုလည်ပတ်နိုင်ရန် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၅၄ လုံးနှင့် စည်ပင်သာယာက ကြီးကြပ်ဆောင်ရွက်သည့် တည်းခိုခန်းပေါင်း ၇၅ ခုရှိကြောင်း သိရသည်။

"ပုဂံမှာ ခရီးသွားလုပ်ငန်းက အဓိကဆိုတော့ ခရီးသွားဝင်ရောက် ဖို့ဆိုရင် အပြိုင်အဆိုင် ဝန်ဆောင်မှုပေးကြတယ်။ လာမယ့်နှစ်ဆန်းပိုင်း ပြာသိုလပြည့် အာနန္ဒာဘုရားပွဲမှာ ပြည်တွင်း၊ ပြည်ပ ခရီးသွားဝင်ရောက်မှုများနိုင်တယ်။ ဒီဇင်ဘာနှစ်သစ်ကူးမှာလည်း ခရီးသွားတွေဝင်လာဖို့ ရှိတာကြောင့် ဟိုတယ်တွေမှာ ကြိုတင်အခန်းတွေယူနေကြပါပြီ။ အချို့ဆိုရင် မိသားစုလိုက်ယူထားကြတယ်"ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ယခုနှစ် ခရီးသွားရာသီအတွက် မိသားစုလိုက်ဖြစ်စေ၊ မိတ်ဆွေသူငယ်ချင်းများဖြင့်ဖြစ်စေ အုပ်စုဖွဲ့ တည်းခိုနိုင်ရန် နံနက်စာအပါအဝင် အဲယားကွန်းခန်းကို တစ်ဦးလျှင် ငွေကျပ် ၇၀၀၀ ဝန်ဆောင်မှုပုံစံသစ်ဖြင့်လည်းကောင်း၊ စားသောက်ခန်း၌ မြန်မာ့ဆိုင်းဝိုင်းနှင့် တေးဂီတအပါအဝင် ပုဂံယဉ်ကျေးမှုအငွေ့အသက်တို့ ပါဝင်သောဖျော်ဖြေမှုတို့ဖြင့် လည်းကောင်း ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

**ညီမ်းသူ-သတင်းစဉ်**

**ဓာတ်ပုံ - ဇွဲမာန်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၁၀၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ် -၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ် -၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၁၀၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၃၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၁၉,၁၇၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ် -၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၄၀၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၉၃၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် -၁၉ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၄) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# လပွတ္တာမြို့နယ် ရွာသစ်ကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

လပွတ္တာ ဒီဇင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ လပွတ္တာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် မင်းဘူးကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုး၊ လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူ၊စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ရွာသစ်ကျေးရွာတွင် အလျားပေ ၂၀၊ အနံ ခုနစ်ပေ၊ အမြင့် ၁၂ ပေရှိ ဆိပ်ခံတံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသား ကျေးရွာသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။

ရွာသစ်ကျေးရွာတွင် အဆိုပါဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း၂၀ကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် နို်ဝင်ဘာလ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး၏ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

JJJ



# တိုက်ကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေထုတ်ချေး

တိုက်ကြီး ဒီဇင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေသိုးကျေးရွာအား မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် သိန်း ၁၀၀ ချေးငွေထုတ်ချေးပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၈ ရက်က အဆိုပါကျေးရွာရှိ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လဲ့လဲ့မွန်နှင့် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးတို့က အမှာစကားများပြောကြားခဲ့ပြီး တောင်သူများအား ချေးငွေများပေးအပ်ကာ စိုက်ပျိုးမည့် မျိုးစေ့နှင့်သွင်းအားစုများကိုပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုက်ကြီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်မန်နေဂျာ ဦးစိုးနိုင်က စိုက်ပျိုးရမည့် နည်းပညာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ရေသိုးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် တောင်သူ ၁၆ ဦးက ဆောင်းနေကြာဧက ၂၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထက (၂)၌ လူငယ်စကားဝိုင်း ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၉

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီလွင်က အမှာစကားပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းအေးနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အထက်တန်းပြဆရာမ ဒေါ်နီနီဝင်းတို့က ညှိနှိုင်းရေးမှူးများအဖြစ်ဆောင်ရွက်ကာ ကျောင်းသား ကျောင်းသူခြောက်ဦးက ဦးဆောင်၍ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ အခမ်းအနား တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များမေးမြန်းရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဦးဆောင်ဆွေးနွေးသူကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားခြင်းဖြင့် အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်များကို တက်ရောက်လာသော ကျောင်းသားကျောင်းသူများက ကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




ကျန်းမာဖို့အရေး
လမ်းညွှန်ပေး

# အဂတိလိုက်စားမှုများအား တိုက်ဖျက်သွားမည်ဟု ပါကစ္စတန်ဝန်ကြီးချုပ်ပြောကြား



**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၉**

ပါကစ္စတန်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဂတိလိုက်စားမှုများကို တိုက်ဖျက်သွားရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှာဘတ်ရှာရိစ်က ဒီဇင်ဘာ ၉ ရက်တွင် ပြောကြားသည်။ ကမ္ဘာပေါ်ရှိနိုင်ငံတိုင်း၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဂတိလိုက်စားမှုသည် အတားအဆီးဖြစ်နေပြီး အဂတိလိုက်စားမှုများက သက်ဆိုင်ရာနိုင်ငံများ၏ စီးပွားရေးနှင့်အုပ်ချုပ်ရေးတွင် အဟန့်အတားများဖြစ်စေကြောင်း ဒီဇင်ဘာ ၉ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့မိန့်ခွန်းတွင် ၎င်းကပြောကြားသည်။ လူ့အဖွဲ့အစည်းများတွင် စာရိတ္တမဏ္ဍိုင် ယိုယွင်းလာမှုနှင့်အတူ အဂတိလိုက်စားမှုများကြီးမားလာသဖြင့် အဂတိလိုက်စားမှုများကင်းရှင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်း အဂတိလိုက်စာမှုများ များပြားလာပါက အစိုးရ၏ အုပ်ချုပ်ရေးစနစ်အပေါ်တွင် နိုင်ငံသားများ၏ မယုံကြည်မှုများ တိုးပွားလာနိုင်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၅ ဦး ထပ်မံသေဆုံး

**မနီလာ ဒီဇင်ဘာ ၉**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၅ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၈၄၅ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၄၆၀ ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၄၅၃၅၈ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၆၃၂ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၅၈၀ သည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၈ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၃ ဒသမ ၆ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းကျော် ထပ်မံတွေ့ရှိ

**တိုကျို ဒီဇင်ဘာ ၉**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၇၀၉၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အလားတူ အဆိုပါရောဂါကူးစက်မှုကြောင့် ၂၂၈ ဦး ထပ်မံသေဆုံးခဲ့သည်။ အဆိုပါသေဆုံးသူများအနက် တိုကျိုမြို့တော်မှ ၂၂ ဦးနှင့် ဟော့ကိုင်းဒိုးပြည်နယ်မှ ၂၁ ဦးပါဝင်ကြောင်း သိရသည်။

ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၁၃၅၅၆ ဦးသည် မြို့တော်တိုကျိုမှ ဖြစ်ကြောင်း သိရသည်။ မြို့တော်တိုကျို၌ လွန်ခဲ့သောရက်သတ္တပတ်အတွင်း ရောဂါကူးစက်ခံရသူ ၂၃၁၂ ဦး ရှိခဲ့ရာမှ ရောဂါကူးစက်ခံရသူများ တစ်ရက်ပြီးတစ်ရက် ပိုမိုများပြားလာကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၅၈၁၄၈၈၈ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၁၂၉၀ ရှိကြောင်းသိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■






# အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ်ရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း၌ ပေါက်ကွဲမှုဖြစ်ပွား

**ဂျကာတာ ဒီဇင်ဘာ ၉**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ်ရှိ ကျောက်မီးသွေးမိုင်းတွင်း တစ်တွင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မိုင်းလုပ်သား ကိုးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရှာဖွေကယ်ဆယ်ရေးရုံးတာဝန်ရှိသူ အရိဒ်ပရာတာမာက ပြောကြားသည်။

၎င်းပေါက်ကွဲမှုသည် နံနက် ၈ နာရီခွဲတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လက်ရှိအချိန်တွင် ဒဏ်ရာရရှိသူများအား ဆေးကုသမှုခံယူရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုဖြစ်စဉ်အတွင်း ပျောက်ဆုံးလျက်ရှိသူများအား ရှာဖွေနေကြောင်းသိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံ၏စီးပွားရေးစင်္ကြံစီမံကိန်းမှ အကူအညီများကိုရယူသွားရန် အီရတ်နိုင်ငံကဆောင်ရွက်လျက်ရှိ

**ပေကျင်း ဒီဇင်ဘာ ၉**

လက်ရှိအချိန်တွင် တရုတ်နိုင်ငံနှင့် အာရပ်နိုင်ငံများအကြား ဆက်ဆံရေးတိုးမြှင့်လျက်ရှိပြီး အီရတ်နိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံပြန်လည်ထူထောင်ရေးအတွက် တရုတ်နိုင်ငံ၏ စီးပွားရေးစင်္ကြံစီမံကိန်းမှ အကူအညီများကို ရယူသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးစင်္ကြံစီမံကိန်းမှ နေ၍ တရုတ်နှင့်အီရတ်အကြားကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေးအတွက် အီရတ်ပါလီမန်တွင် နားလည်မှုစာချွန်လွှာများနှင့် သဘောတူညီချက်များကို ရယူရန်လိုအပ်နေကြောင်းနှင့် ထိုကဲ့သို့ သဘောတူညီချက်များရရှိပါက တရုတ်နှင့် အီရတ်အကြား ဆက်ဆံမှုတိုးတက်နိုင်သည်ဟု အီရတ် နိုင်ငံသားများက ရှုမြင်နေကြကြောင်း သိရသည်။

အီရတ်နိုင်ငံအတွင်း ဆယ်စုနှစ်တစ်ခုကြာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်အတွင်း နိုင်ငံ၏ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများတွင် ယိုယွင်းပျက်စီးမှုများရှိခဲ့သဖြင့် ၎င်းကဏ္ဍများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တရုတ်နိုင်ငံ၏ စီးပွားရေးစင်္ကြံစီမံကိန်းမှ အကူအညီများ ရယူရန်အရေးကြီးကြောင်း အီရတ်တာဝန်ရှိသူ ဆာဒ်ဆာဒန်အယ်လ်ဆာဒီက ပြောကြားသည်။

လက်ရှိအချိန်တွင်ကျင်းပနေသည့် တရုတ်-အာရပ်ထိပ်သီးဆွေးနွေးပွဲ၌ အီရတ်နိုင်ငံသားများ၏ လူမှုစီးပွားဘဝမြှင့်တင်ပေးရေးနှင့် စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် အကူအညီများထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံက ပြောကြားသည်။

**ကိုးကား-စီဂျီတီအင်န်၊ ဘာသာပြန်-စိုးသူရ**

# မိုးကုတ်၊ မြောက်ဥက္ကလာပ၊ တာချီလိတ်နှင့်နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ဒီဇင်ဘာ ၈ ရက်ညနေ ၄ နာရီတွင် မိုးကုတ်မြို့နယ် လယ်ကြီးကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဟိန်းထက်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၃၀၀ ကိုလည်းကောင်း၊

ထိုနေ့ နံနက် ၁၁ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် မုဒိတာလမ်းရှိ ချစ်ဆွေ(ခ)ပြောင်ကြီး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၁ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သံသုမာလမ်းရှိ မျိုးဇော်(ခ)မျိုးဇော်ထွန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ညပိုင်းတွင် တာချီလိတ်မြို့နယ် ယန်းကျောက်ကျေးရွာအနီး ယန်းကျောက်-မယ်လိတ်ပါကော်ကျေးရွာသွားလမ်းတွင် နေဟိန်းအောင်မောင်းနှင်ပြီး ဇင်မင်းဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကိုလည်းကောင်း၊

ဒီဇင်ဘာ ၇ ရက် ည ၉ နာရီတွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီး မန္တလေး-လားရှိုးသွားကားလမ်းတွင် အေးသိန်း(ခ)ကိုသိန်း မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အမိုနီယမ်နိုက်ထရိတ် ကီလို ၁၆၀၈၀၊ မြန်မာငွေကျပ်





အေးသိန်း(ခ)ကိုသိန်း၊ စိုးမြတ်ကျော်(ခ)မောင်စိုးနှင့် အောင်အောင်(ခ)အားလုံတို့အား သိမ်းဆည်းရမိသည့် အမိုနီယမ်နိုက်ထရိတ်များနှင့်အတူ တွေ့ရစဉ်။

သိန်း ၂၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ဒီဇင်ဘာ ၇ ရက် ည ၁၀ နာရီခွဲတွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီး မန္တလေး-လားရှိုးသွားကားလမ်းတွင် စိုးမြတ်ကျော်(ခ)မောင်စိုး မောင်းနှင်ပြီး အောင်အောင်(ခ)အားလုံ လိုက်ပါလာသည့် ၁၂ ဘီး ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အမိုနီယမ်နိုက်ထရိတ်ကီလို ၁၄၀၀၀ စုစုပေါင်းငွေကျပ် ၂၇၀၇ ဒသမ ၂ သိန်းတန်ဖိုးရှိ အမိုနီယမ်နိုက်ထရိတ်များ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သဃ်န်းညီနောင်ကျေးရွာအနီး မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးပေါ်၌ ရှောင်တခင်ကင်းလှည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၉၆၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် စက်ဘီး(အဟောင်း)အစီး ၁၀၀၊ အချိုမှုန့်ထုပ် ၂၅ ဖာနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၅၄၃၇၅၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၇ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသည့် မျက်စဉ်းဆေးဘူးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၁၆၀၀၀) ကို လည်းကောင်း၊ ဒီဇင်ဘာ ၈ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ဆေးဝါးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၃၆၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၉၇၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် ဒီဇင်ဘာ ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပိန်းဆာကျေးရွာအနီး ရှောင်ကွင်းလမ်း တစ်နေရာတွင် ပိုင်ရှင်မဲ့စုပုံထားသော Bluetooth Speaker ၅၅ လုံး၊ 777 တံဆိပ်ပါ Heavy Duty Battery ၁၀ ဖာနှင့် FM Transceiver အလုံး ၃၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၄၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဒီဇင်ဘာ ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၁၅ ဒသမ ၆၅၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၇၂၄၄၂) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၆၃၈၁၉၂) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# နတ်တလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်စကားဝိုင်း ကျင်းပ

**နတ်တလင်း ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက အထက(နတ်တလင်း)၌ ကျင်းပသည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်လဲ့ဝါမြင့်က လူငယ်စကားဝိုင်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ နတ်တလင်းမြို့ Book Club အဖွဲ့ဥက္ကဋ္ဌ ဦးသန်းအောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးတို့က ဦးဆောင်ဆွေးနွေးကာ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်မျိုးချစ်စိတ်ဓာတ်၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်အချိန် စသော ခေါင်းစဉ်များဖြင့် ကျောင်းသား ကျောင်းသူလေးများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံစေပြီး အသိပညာဗဟုသုတတိုးပွားစေရန် လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန အမှတ်(၅) အထက်တန်းကျောင်းတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၉ နာရီခွဲက အထက(၅)ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

လူငယ်ရေးရာ ဆွေးနွေးပွဲအခမ်းအနားတွင် ချမ်းအေးသာစံမြို့နယ် ဒုတိယပညာရေးမှူး ဦးသူရိန်စိုးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းကာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာညိုညိုတင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။



ထို့နောက် ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင် ဦးဆောင်ကာ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ Grade-11 တွင် ပညာသင်ကြားလျက်ရှိသော မောင်သန်းစိုးအောင်၊ မောင်ဇွဲရင့်ဦး၊ မရိုရိုခင်၊ မယွန်းဝတီလှိုင်၊ မအိမ့်ချစ်နှင့် မနန္ဒာဦးတို့က လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့် မျိုးချစ် စိတ်ဓာတ်စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

**မောင်အေးချမ်း**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘင်္ဂါလီဒုက္ခသည်စခန်းမှ ထွက်ခွာလာသူများအား ကယ်ဆယ်ရေးဆောင်ရွက်ပေး

နေပြည်တော် ဒီဇင်ဘာ ၉

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited မှ အထောက်အကူပြုရေယာဉ်များဖြစ်သည့် HAI DUONG 29 နှင့် HAI DUONG 38 ရေယာဉ်တို့သည် ဇောတိကစီမံကိန်း ကမ်းလွန်လုပ်ကွက်၌ လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံရေပြင်အတွင်း ဖြတ်သန်းလာစဉ် ဒီဇင်ဘာ ၇ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် မြိတ်မြို့၏ အနောက်တောင်ဘက် ၁၅၅ မိုင်ခန့်အကွာသို့အရောက်၌ ဘင်္ဂါလီလူမျိုးများ တင်ဆောင်လာသည့် လှေတစ်စင်းသည် ရေဝင်၍နစ်မြုပ်လုနီးပါးဖြစ်နေသည်ကို တွေ့ရှိရသဖြင့် ကယ်ဆယ်ထားကြောင်း တပ်မတော်(ရေ)မှ လုံခြုံရေးစစ်ရေယာဉ်များသို့ သတင်းပေးပို့လာခဲ့သည်။



ဘင်္ဂါလီလူမျိုးများအား HAI DUONG 38 ရေယာဉ်မှ လွှဲပြောင်းပေးနေမှု မှတ်တမ်းဓာတ်ပုံ။

သတင်းရလျှင်ရချင်း တပ်မတော်(ရေ)မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကော်ဗက်အမျိုးအစားစစ်ရေယာဉ်အား စေလွှတ်ခေါ်ဆောင်စေခဲ့ရာ ည ၁၀ နာရီခန့်တွင် မြိတ်မြို့၏ အနောက်တောင်ဘက် ၁၅၅ မိုင်ခန့်အကွာ၌ HAI DUONG 38 ရေယာဉ်နှင့် တွေ့ဆုံခဲ့ပြီး ဘင်္ဂါလီလူမျိုး လူကြီး ကျား ၈၃ ဦး၊ မ ၄၀၊ ကလေး ကျား ၂၃ ဦး၊ မ ရှစ်ဦး စုစုပေါင်း ၁၅၄ ဦး တို့အားစစ်ရေယာဉ်ပေါ်သို့လွှဲပြောင်းတင်ဆောင်၍ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပြီး အစားအသောက်များ ထောက်ပံ့ကျွေးမွေး ခေါ်ဆောင်လာခဲ့သည်။

အထက်ပါ ဘင်္ဂါလီလူမျိုးများအား မြိတ်မြို့ အနောက်မြောက်ဘက် ၈ ဒသမ ၅ မိုင် ခန့်အကွာတွင် ကျောက်ချရပ်နား၍ မြိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနပါဝင်သော အဖွဲ့စုံဖြင့် ရေယာဉ်ပေါ်၌ စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဘင်္ဂါလီလူမျိုးများသည် ဘင်္ဂါလီစကားတစ်မျိုးတည်းသာ ပြောဆိုတတ်ပြီး ကနဦးမေးမြန်းချက်အရ ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားခရိုင် ဒေါ်ကာစီဒုက္ခသည်စခန်းများမှ ဖြစ်ကြောင်း၊ ဒုက္ခသည်စခန်းအတွင်း လူဦးရေများပြားခြင်း၊ လုံခြုံမှုမရှိခြင်းနှင့် စားနပ်ရိက္ခာမလုံလောက်ခြင်းတို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသို့သွားရောက်ရန်အတွက် လိုက်ပါလိုသူမိသားစုများထံမှ တာကာငွေ ၁၀ သိန်းကောက်ခံပြီး စက်လှေတစ်စင်း ဝယ်ယူခဲ့ကြောင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် အဆိုပါ စက်လှေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ စတင်ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (United Nations High Commissioner for Refugees–UNHCR)မှ ထုတ်ပေးထားသည့် ဒုက္ခသည်ကတ်များ ကိုင်ဆောင်ထားရှိကြောင်း၊ ဒီဇင်ဘာ ၇ ရက်တွင် လှေအတွင်းသို့ ရေများဝင်ရောက်၍ နစ်မြုပ်နေစဉ် HAI DUONG 38 ရေယာဉ်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်းနှင့် လှေပေါ်ပါသူအားလုံး အသက်ရှင်လျက်ရှိကြောင်း သိရသည်။

ယင်းဘင်္ဂါလီလူမျိုးများအား မြိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနပါဝင်သော အဖွဲ့စုံဖြင့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ပြီးပါက စစ်တွေမြို့သို့ ဆက်လက်ပို့ဆောင်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


ဘင်္ဂါလီလူမျိုးများအား စစ်ရေယာဉ်ဖြင့် လွှဲပြောင်းကယ်ဆယ်လာမှု မှတ်တမ်းဓာတ်ပုံ။


ဘင်္ဂါလီလူမျိုးများအား ဆေးကုသပေးနေမှု မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မေတ္တာ(ဃ)ရပ်ကွက်နေ ရတနာဖြိုးသည် ၎င်းအသုံးပြုသည့် “Yandar Phyo” Facebook အကောင့်၊ ရေစကြိုမြို့နယ် စဥ့်ကိုင်ကျေးရွာနေ ချမ်းမင်းစိုးသည် ၎င်းအသုံးပြုသည့် “Chan Min Soe” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဒေးဝန်းရပ်ကွက်နေ ရဲရင့်အောင်(ခ)ရဲလေး၊ ဘိုမင်းခန့်(ခ)မင်းခန့်၊ (က)ရပ်ကွက်နေ လှိုင်မျိုးထက်(ခ)လှိုင်ကြီးနှင့် ရပ်ကွက်ကြီး(၁၂)ရပ်ကွက်နေ ငြိမ်းချမ်းမောင်(ခ)ကောင်းကောင်းတို့သည် ၎င်းတို့အသုံးပြုသည့် “Ye Yint Aung” Facebook အကောင့်၊ “Minn Khant” Facebook အကောင့်၊ “Hlaing Gyee” Facebook အကောင့်နှင့် “Kaung Kaung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ “Su Myat Phone Kyaw” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျိုက်ပိုးကျေးရွာနေ “Min Min Thann” Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အောက်ကျင်းရပ်ကွက်နေ ဝင်းနိုင်ထွန်း(ခ)အစိတ်သည် ၎င်းအသုံးပြုသည့် “Win Naing Htun” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ ပါရီအိုလံပစ်မှ

ထုတ်ပြန်မည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲကို ၂၀၂၃ ခုနှစ် ဧပြီ ၃ ရက်မှ ၁၁ ရက်၊ ဒုတိယအဆင့်ခြေစစ်ပွဲကို အောက်တိုဘာ ၂၃ ရက်မှ ၃၁ ရက်၊ နောက်ဆုံးအဆင့်ခြေစစ်ပွဲကို နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပါရီအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို အသင်းစုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အာရှဇုန်မှ နှစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ၂၀၀၄ အေသင်အိုလံပစ်ပြိုင်ပွဲမှစတင်ကာ ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နောက်ဆုံးအဆင့်တွင် အာရှကိုယ်စားပြုအသင်းအနည်းငယ်သာ ယှဉ်ပြိုင်ခွင့်ရသဖြင့် ခြေစစ်ပွဲအောင်မြင်ဖူးခြင်းမရှိသေးကြောင်း သိရသည်။ နောက်ဆုံးကျင်းပသည့် ၂၀၂၀ တိုကျိုအိုလံပစ်ခြေစစ်ပွဲတွင်လည်း နောက်ဆုံးအဆင့် ခြေစစ်ပွဲအထိ တက်ရောက်နိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် လာမည့်နှစ်တွင် နိုင်ငံတကာပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပါရီအိုလံပစ်ခြေစစ်ပွဲအပြင် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၊ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတို့လည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

## အနုပညာဆိုင်ရာ သုတ၊ ရသစာအုပ်များ မြဝတီမီဒီယာစင်တာစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက အကယ်ဒမီများရှင် ဒါရိုက်တာ အလင်္ကာကျော်စွာ စည်သူ ဦးကြည်စိုးထွန်းက ၎င်း၏ (၇၇)နှစ်မြောက် မွေးနေ့အလှူအဖြစ် အနုပညာဆိုင်ရာ သုတ၊ ရသစာအုပ်၊ စာစောင် ၁၅၇၅ အုပ်ကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း သတင်းနှင့်မီဒီယာလုပ်ငန်း(မြဝတီ)၏ စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းရာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း သတင်းနှင့် မီဒီယာလုပ်ငန်း(မြဝတီ)မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(ဦးစီး)နှင့် အရာထမ်းများ တက်ရောက်၍ လက်ခံရယူခဲ့သည်။

သတင်းစဉ်





## မြဝတီမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြော

မြဝတီ ဒီဇင်ဘာ ၉

မြဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အသိပညာပေးခြင်းလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိရာ (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မြဝတီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် မူလတန်းလွန်ကျောင်းတို့၌ ဆောင်ရွက်သည်။

အသိပညာပေးဟောပြောပွဲတွင် မြဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏ အနှစ်သာရကိုသိရှိပြီး ဂုဏ်ယူမြတ်နိုးတန်ဖိုးထားတတ်စေရေး၊ လွတ်လပ်ရေး အစွန့်ရှည် တည်တံ့ခိုင်မြဲရန်ထိန်းသိမ်းတတ်စေရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး၊ လွတ်လပ်ရေးရရှိအောင်ကြိုးပမ်းမှုများနှင့်နှင့် လွတ်လပ်ရေးနေ့ ပေါ်ပေါက်လာပုံ သမိုင်းကြောင်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြဝတီခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးချစ်ရအောင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများ လျှော့ချရေးဆိုင်ရာများကို အသိပညာပေး ဟောပြောသည်။

ဆက်လက်ပြီး မြဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်ပြဘုတ်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတမြင့်မားရေး လူငယ်စကားဝိုင်းပြုလုပ်

သထုံ ဒီဇင်ဘာ ၉

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတမြင့်မားရေး လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲပိုင်းက သထုံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ဉာဏ်ဝေယံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာရေး ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက အစီအစဉ်တင်ဆက်သူအဖြစ်ဆောင်ရွက်ပြီး အထက(၄) သထုံမှ Grade-9 နှင့် Grade -11 ကျောင်းသား ကျောင်းသူ လေးဦးက လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် လူမှုဆက်ဆံရေး၊ လူငယ်နှင့် ပညာရေး ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏အတွေ့အကြုံများ၊ အတွေးအခေါ်များကို မျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြပြီး မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ စာရေးသူ ရွှေထုံခင်သီတာလှိုင်က လူငယ်များစာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်
## ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၀၅ | ၁၈၅၀ | ၁၈၄၅ | ၁၈၁၅ | ၁၈၅၀ | ၁၈၇၅ | ၁၈၆၀ | ၁၈၃၅ | ၁၉၃၀ | ၁၉၄၅ | ၁၈၄၅ | ၁၈၅၀ | ၁၈၈၅ | ၁၈၉၀ | ၁၈၉၀ | ၂၁၁၀ | ၂၉၂၀ |
| 95 Ron | ၁၈၉၅ | ၁၉၄၅ | ၁၉၄၀ | ၁၉၀၅ | ၁၉၄၀ | ၁၉၆၅ | ၁၉၅၀ | ၁၉၃၀ | ၂၀၂၀ | ၂၀၄၀ | ၁၉၃၅ | ၁၉၅၀ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၀ | ၂၂၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၀ | ၂၂၅၀ | ၂၂၁၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၂၀ | ၂၂၃၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၀ | ၂၄၉၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၁၃ | ၁၇၈၁ |
| 95 Ron | ၁၈၀၂ | ၁၈၇၁ |
| HSD (500 ppm) | ၂၀၈၂ | ၂၁၅၃ |
| HSD (50 ppm) | ၂၁၅၅ | ၂၂၂၈ |
| HSD (10 ppm) | ၂၁၅၅ | ၂၂၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပြည်တွင်း၊ ပြည်ပ သင်္ဘောသားများအတွက် သင်္ဘောသားအပန်းဖြေစခန်း ဖွင့်လှစ်မည်



**ရန်ကုန် ဒီဇင်ဘာ ၉**

ပြည်တွင်း၊ ပြည်ပသင်္ဘောသားများအတွက် သင်္ဘောသားအပန်းဖြေစခန်းကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဆိပ်ကမ်းဝင်းအတွင်းရှိ Vintage Luxury Yacht ဟိုတယ်၌ မကြာမီ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်ထံမှ သိရသည်။

**ပြောကြား**

"ပြည်တွင်း၊ ပြည်ပက သင်္ဘောသားတွေအတွက် Seamen Club လိုမျိုး စီစဉ်ဆောင်ရွက်ပေးတဲ့ သဘောပါ။ အဲဒီလို ဆောင်ရွက်ပေးမှပဲ ကျွန်တော်တို့ရဲ့မြန်မာသင်္ဘောသား အရေးတင်မက ပြည်ပကလာတဲ့ သင်္ဘောသားတွေရဲ့ အရေးပါလုပ်ပေးပါတယ်ဆိုတဲ့ အချက်က ကျွန်တော်တို့အဖွဲ့အစည်းရဲ့ ပြယုဂ်ထဲမှာပါသွားမှာဖြစ်သလို နိုင်ငံတကာက လက်ခံလာနိုင်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်လာအောင် ဆောင်ရွက်ခြင်းလည်းဖြစ်ပါတယ်။ အဲဒီအပန်းဖြေစခန်းမှာတော့ သင်္ဘောသားနဲ့မိသားစုဝင်တွေ စိတ်အပန်းဖြေလို့ရမယ့် အခြေအနေနဲ့ ကလေးတွေအတွက်ပါ ပျော်ရွှင်စရာဖြစ်အောင် ဖန်တီးလုပ်ဆောင်မှာဖြစ်ပါတယ်။ လက်ရှိ သင်္ဘောသားအပန်းဖြေစခန်း ဖွင့်လှစ်ဖို့အတွက်ကို အစားအသောက်ဈေးနှုန်းညှိနှိုင်းနေပါတယ်။ အစားအသောက်ဈေးနှုန်း ညှိနှိုင်းလို့ အဆင်ပြေတယ်ဆိုရင် ခန့်မှန်းနှစ်ပတ်အတွင်း ဖွင့်လှစ်တော့မှာဖြစ်ပါတယ်"ဟု ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ရုံး၌ ယနေ့ ညနေပိုင်းကပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်က ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် သင်္ဘောသား အသက်အာမခံစနစ် ပံ့ပိုးမည့်အစီအစဉ်၊ သင်္ဘောသားနှင့် မိသားစုဝင်များအတွက် လူမှုဖူလုံရေးစနစ်ပံ့ပိုးမည့်လုပ်ငန်းစဉ်၊ သင်္ဘောသားအပန်းဖြေစခန်းထူထောင်ခြင်း လုပ်ငန်းစဉ်နှင့် ပြည်တွင်း၊ ပြည်ပမှ သင်္ဘောသားများအား လူမှုရေးလိုအပ်ချက်များ ပံ့ပိုးနိုင်မည့် လုပ်ငန်းစဉ် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုထက်၊ ပွင့်သစ္စာ**

# ရွှေပြည်သာမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၉ နာရီခွဲက အမှတ်(၂၁)ရပ်ကွက် လိန်ကုန်းကျေးရွာ ကွင်းအမှတ်(၂၈၃) တောင်သူဦးလှဝင်း၏ ပျိုးထောင်စိုက်ကွင်း ဧက ၂၀ တွင် တောင်ပျံရင်စပါး အမျိုးအစားအား ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးဦးကျော်ငြိမ်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအေးသိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသိန်းနိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်ဝင်း၊ ဌာနဆိုင်ရာများ၊ အမှတ်(၂၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် တောင်ပျံရင်စပါးအမျိုးအစားအား ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးခဲ့ပြီး တစ်ဧကလျှင် စပါးအခြောက်အထွက်နှုန်း ၈၄ ဒသမ ၇၇ တင်း ထွက်ရှိကြောင်းသိရသည်။

**မြင့်ဦး**



# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၀-၁၂-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၅၀) တွင် အသိဉာဏ်နည်းကာ အရာရာကို မစူးစမ်းမဆင်ခြင်ဘဲ ဆောင်ရွက်တတ်သော ကိုထုံ၏ လွဲမှားသော ယူဆချက်၊ လုပ်ဆောင်ချက်များကို တင်ဆက်ထားသည့် "ကိုထုံနဲ့မြည်းကလေး" မျက်နှာဖုံးကာတွန်း၊ လူတို့၏ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည့် ဗီတာမင်ကြွယ်ဝသော ကျွဲကောသီးအကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည့် ကျွဲကောသီး" သုတဆောင်းပါး၊ သူများပြောတိုင်းလိုက်လုပ်မိ၍ ဒုက္ခရောက်ရသော ရထားတွဲကောင်အကြောင်းကို တင်ဆက်ထားသည့် "နားမယောင်နဲ့" နှစ်မျက်နှာကာတွန်း၊ မိဘများနှင့်အတူ တိရစ္ဆာန်ရုံသို့သွားရာ၌ မြင်မြင်သမျှ တိရစ္ဆာန်များကို သူတို့၏သဘာဝ အလိုက်ဝေဖန်ခွဲခြားနိုင်သောပြည့်စုံသာအကြောင်းကို တင်ဆက်ထားသည့် "ခရုမှာအဆန်လူမှာဉာဏ်" ဝတ္ထု၊ မိမိတို့၏ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ချစ်မြတ်နိုးတတ်စေရန်နှင့် နိုင်ငံခြားသားဝတ် စကတ်ကွဲများကို အတုယူ၍ မဝတ်စေရန် ဆုံးမထားသော ဖူးငယ်တို့သားအမိ၏ အပြန်အလှန် ပြောဆိုပုံကို တင်ဆက်ထားသည့် "ဖူးငယ်-အတုခိုးမမှားမိစေဖို့" တစ်မျက်နှာကာတွန်း၊ အပြန်အလှန် ကူညီခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးရရှိသွားသည့် မိကျောင်းလေးနှင့် ငှက်သားအမိတစ်သိုက်တို့အကြောင်းကို တင်ဆက်ထားသည့် "ပြုံးအလှပိုင်ရှင် မိကျောင်းလေးကူရမ်" ပုံပြင်၊




မိမိ၏အတ္တစိတ်ကြောင့် မိမိအတွက်ရော သူတစ်ပါးအတွက်ပါ အကျိုးပျက်စီးသွား၍ နောင်တရသွားသော စာကလေးအကြောင်းကို အတုယူဖွယ် တင်ဆက်ထားသည့် "အသိုက်" နှစ်မျက်နှာကာတွန်း၊ မိမိတို့ကျောင်းသို့ စာတော်သည့် ကျောင်းသူအသစ်ပြောင်းလာသော်လည်း မနာလိုမရှုဆိတ်မဖြစ်ဘဲ ဝမ်းသာအားရကြိုဆိုကြသော မေဝတီတို့ သူငယ်ချင်းများအကြောင်းကို အတုယူဖွယ်တင်ဆက်ထားသည့် "အပြုံးဖြင့်ကြိုဆိုပါ" နှစ်မျက်နှာကာတွန်းနှင့် ဉာဏ်စမ်းကဏ္ဍ အပါအဝင် အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း"မန်းဒပ်(စ်)"အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၉**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ၊ တမီးလ်နာဒူးမြောက်ပိုင်းကမ်းလွန်-ပူဒူချယ်ရီကမ်းခြေ)တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မန်းဒပ်(စ်)"သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက်ရေမိုင် ၇၆၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့(Hainggyikyun)၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၈၄၀ ခန့်၊ သီရိလင်္ကာနိုင်ငံ ဂျက်ဖ်နာမြို့၏ မြောက်-အရှေ့မြောက်ဘက် ရေမိုင် ၁၄၀ ခန့်နှင့် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၇၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း "မန်းဒပ်(စ်)"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

**ဆိုင်ကလုန်းမုန်တိုင်း"မန်းဒပ်(စ်)"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း "မန်းဒပ်(စ်)" သည် ယနေ့ ညနေ ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၁၁ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၀ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်းခန့် ဖြစ်ပါသည်။

**နောက်(၁၈)နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မန်းဒပ်(စ်)" သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း ကမ်းခြေကိုပူဒူချယ်ရီမြို့နှင့် စရီဟာရီခိုတမြို့တို့ အကြားမဟာဘာလီပူရမ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟုခန့်မှန်းရသည်။

**သတိပေးနိုးဆော်ချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း"မန်းဒပ်(စ်) "၏အရှိန်ကြောင့် ယနေ့ညမှ နောက် ၂၄ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာမြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ဆိုင်ကလုန်းမုန်တိုင်း"မန်းဒပ်(စ်)" ၏ အရှိန်ကြောင့်မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 6

### Unit 6 Lesson 3:
### What's the difference: countable and uncountable?

**I. Write "C" for countable nouns and "U" for uncountable nouns.**

e.g. banana (C) e.g. oil (U)

1. chocolate (__________)
2. apple (__________)
3. cheese (__________)
4. sugar (__________)
5. television (__________)
6. money (__________)
7. book (__________)
8. chicken (__________)
9. friend (__________)
10. water (__________)

**II. Circle the correct article in each sentence.**

1. Dad wears a/an old pair of shoes to work in the yard.
2. I had a/an banana for lunch.
3. My family brought a/an blanket to the football game.
4. Alex had a/an birthday party for my grandfather.
5. She used a/an exit sign to help find her way out of the building.

**III. Write the plural form of the following nouns.**

1. A library – two ______________
2. A bird – two ______________
3. A box – two ______________
4. An ox – two ______________
5. A person – two ______________
6. A mouse – two ______________
7. A woman – two ______________
8. A knife – two ______________
9. A key – two ______________
10. A child – two ______________

**IV. If the sentence is correct write "correct". If not, correct the underlined word in the line provided.**

**e.g. I see two deers.** (deer)

**e.g. I see two mice.** (correct)

1. The kittens are sleeping. (____________)
2. Zaw Lay saved ten gooses. (____________)
3. All the sheeps ran away. (____________)
4. Min Min ate a lot of candys. (____________)
5. They painted the benchs. (____________)
6. Look at those fish! (____________)
7. I am afraid of wolf. (____________)

**V. Complete the sentences with correct article: 'a' or 'an' or 'the'.**

1. The programme has ____________ error.
2. It is not ____________ experimental vaccine.
3. The hen laid ______________ egg every day.
4. She found ____________ pen outside.
5. This is ____________ invitation card.
6. Hla Hla is ____________ honest girl.
7. I took ____________ taxi to office this morning.
8. Ko Lay is ____________ interesting boy.
9. My brother is ___________ lazy student.
10. My sister is ____________ smart girl.

* * * * * * * * * * * *

## Grade 7

**Exercise (A) Fill in the blanks with one of the following Wh question words.** အောက်ပါဝါကျများကို သင့်လျော်သော အမေးစကားလုံးများ ဖြည့်စွက်ပါ။

**What, When, Where, Why, Who, How**

1. __________ are my keys?
2. __________ is the problem?
3. __________ is your favourite filmstar?
4. __________ is your birthday?
5. __________ old are you?
6. __________ is your phone number?
7. __________ are you from?
8. __________ is your best friend?
9. __________ is your e-mail address?
10. __________ are you? I am fine, thanks.
11. __________ is she crying? Because she is sad.
12. __________ old is your cat?
13. __________ is the bus–stop?
14. __________ is your uncle from?
15. __________ are you so happy? Because I pass the exam.
16. __________ is your brother? He is still sick.
17. __________ are you late? Because of the traffic. (ယာဉ်ကြောပိတ်ဆို့မှုကြောင့်)
18. __________ colour are your eyes?
19. __________ do you visit your grandparents?
20. __________ is your English teacher?

**(B) Make appropriate questions.** သင့်လျော်သောမေးခွန်းများပြုလုပ်ပါ။

1. I want a new motorbike.
   What ________________________________?
2. She is drinking milk.
   What ________________________________?
3. They will buy a car next month.
   What ________________________________?
4. U Ba killed the snake with a stick this morning.
   Who ________________________________?
5. Min Min won the State lottery last month.
   Who ________________________________?
6. My father tells me to pay respects to the elders.
   Who ________________________________?
7. I like the red shirt among these.
   Which one ________________________________?
8. They do their homework at night.
   When ________________________________?
9. U Maung Khin came to the party alone.
   Who ________________________________?
10. The car is across the street from the house.
    Where ________________________________?
11. I like the blue car, not the white one.
    Which ________________________________?
12. I will go to Mandalay next Monday.
    Where ________________________________?
13. That is an English book.
    What ________________________________?
14. My sister called her old friend yesterday.
    When ________________________________?
15. The party lasted all night.
    How long ________________________________?
16. She studies music at the university.
    What ________________________________?
17. Moe Moe told you the truth of the accident.
    Who ________________________________?
18. My parents have two cars.
    How many ________________________________?
19. They are coming to visit us tomorrow.
    When ________________________________?
20. She felt sad because she didn't bring her dictionary yesterday.
    Why ________________________________?

*Answers*

*Exercise (A) Fill in the blanks with one of the following Wh question words. အောက်ပါဝါကျများကို သင့်လျော်ရာ အမေးစကားလုံးများ ဖြည့်စွက်ပါ။*

*What, When, Where, Why, Who, How*

1. *Where are my keys?*
2. *What is the problem?*
3. *Who is your favourite filmstar?*
4. *When is your birthday?*
5. *How old are you?*
6. *What is your phone number?*
7. *Where are you from?*
8. *Who is your best friend?*
9. *What is your e-mail address?*
10. *How are you? I am fine, thanks.*
11. *Why is she crying? Because she is sad.*
12. *How old is your cat?*
13. *Where is the bus–stop?*
14. *Where is your uncle from?*
15. *Why are you so happy? Because I pass the exam.*
16. *How is your brother? He is still sick.*
17. *Why are you late? Because of the traffic. (ယာဉ်ကြောပိတ်ဆို့မှုကြောင့်)*
18. *What colour are your eyes?*
19. *When do you visit your grandparents?*
20. *Who is your English teacher?*

*(B) Making appropriate questions. သင့်လျော်သောမေးခွန်းများပြုလုပ်ပါ။*

1. *What do you want?*
2. *What is she drinking?*
3. *What will they buy next month?*
4. *Who killed the snake with a stick this morning?*
5. *Who won the State lottery last month?*
6. *Who tells me to pay respects to the elders?*
7. *Which one do you like among these?*
8. *When do they do their homework?*
9. *Who came to the party alone?*
10. *Where is the car?*
11. *Which car do you like?*
12. *Where will you go next Monday?*
13. *What is that?*
14. *When did my sister call her old friend?*
15. *How long did the party last?*
16. *What does she study at the university?*
17. *Who told you the truth of the accident?*
18. *How many cars do your parents have?*
19. *When are they coming to visit us?*
20. *Why did she feel sad yesterday?*

* * * * * * * * * * * *

## Grade 8

### Unit 7

### Lesson 3: What are you going to do this weekend?

**I.Complete the sentences in the future simple form with the verbs given below.**

**(win, be, buy, drink, go, love, pass, rain, send, wear)**

**e.g. It _______________ tonight.**

**Ans: It will rain tonight.**

1. I _______________ you forever.
2. You _______________ a tie.
3. He _______________ green tea.
4. She _______________ the test.
5. We _______________ an email.
6. You _______________ the food.
7. They _______________ the match.
8. This girl _______________ a pilot.
9. My parents _______________ to Africa.

**II.Fill in the sentences with the negative form of the verbs in the Future Simple Tense.**

e.g. They ___________to Mandalay next month. (not go)

**Ans: They will not go to Mandalay next month.**

1. I promise Ko Ko __________ late tomorrow. (not be)
2. We ________ skating on TV tonight. (not watch)
3. Zaw Zaw _______ up at 7 a.m. tomorrow. (not get)
4. The kids _______ the truth if you ask them. (not tell)
5. Probably you ______the last bus. (not miss)
6. I'm sure I ________to that big rock. (not swim)
7. Khin Khin _______ volleyball until she recovers from her illness. (not play)
8. I hope she ________ before noon. (not arrive)
9. We ________________ breakfast with you. (not have)
10. They ______ to this song. (not listen)

**III. Complete the sentences with "will" or "won't".**

1. My friends _______ be in Singapore next week. I am looking forward to seeing them after such a long time.
2. Don't worry. I _______ help you in a minute.
3. You can talk to me. I promise I _____tell anyone your secret.
4. Zin Zin _____ have a brother in a short time. She is so excited.
5. Moe Moe ____ go to the tuition today because he is ill.
6. Zar Zar has studied a lot recently. We think she _______ fail her exam.
7. Nobody _______ tell me what I should do. It's only my decision.
8. I'm sorry, but I ____lend you my car. You are not confident enough to drive.
9. We _____ do it again. Now we understand that it's too dangerous.
10. Lily ______listen to you anymore. She doesn't believe a word you say.

**IV.Write down positive / negative / question in the future simple form.**

e.g. he/ travel

(positive) He will travel by plane.

(negative) He won't travel by boat.

(question) Will he travel by train?

1. I/ wash

(positive) __________________ the windows.

(negative) __________________ the car.

(question) ________________ the dog?

2. We / go

(positive) _________________ for a walk.

(negative) _________________ to the park.

(question) Where _________________ ?

3. It / be

(positive) __________________ scared.

(negative) __________________ happy.

(question) __________________ hungry?

4. You / call

(positive) __________________ Khin Khin.

(negative) _________________ Mar Mar.

(question) When ________________ me?

5. He / go

(positive) __________________ to school by taxi.

(negative) __________________ by bus.

(question) __________________ on foot?

**V.Put the words in the correct order.**

1. home / won't / tomorrow / be / They / at / . /

_______________________________________________.

2. next / You / weekend / will / me / visit / . /

_______________________________________________.

3. to / tomorrow / Lwin Lwin / go / school / won't / . /

_______________________________________________.

4.mother / the / buy / What / in / will / supermarket / ? /

_______________________________________________.

5.We / test / a / Monday / will / on / have / . /

_______________________________________________.

6.have / Where / dinner / will / we / ? /

_______________________________________________.

7.Japanese / study / year / they / next / Will / ? /

_______________________________________________.

8.have / Where / dinner / will / you / ? /

_______________________________________________.

9.minutes / arrive / will / in / Lin Lin / some / . /

_______________________________________________.

10.will / you / return / When / ? /

_______________________________________________.

**VI.Complete the sentences with the verbs given below, using "going to +V1".**

**(play, do, take, set, ride, visit, buy, swim)**

1. Zaw Zaw _______________ his English exam next week.
2. It is very hot today. I ________________ in the lake.
3. We ______________ our grandparents this weekend. We haven't seen them for a long time.
4. Ko Ko and Kyaw Kyaw _______________ their bikes.
5. I ______________ the table. It's time for lunch.
6. Soe Gyi ______________ his homework after school.
7. It's Mee Lay's birthday next week. We _____________ her a present.
8. His sister ______________ the violin at the concert.

**VII.Fill in the blanks with the words into brackets using "will" or "(be) going to".**

1. My brother ________________ (be) 45 in October.
2. The phone is ringing and I'm in the shower. Don't worry. I _________________ (answer) for you.
3. I'm so excited! We ______________ (move) to a bigger house next month.
4. My parents _______________ (be) very proud, I have passed all the exams.
5. I think my sister ______________ (pass) the exam, she has studied very hard so far.
6. There isn't any milk left in the fridge. I know, I ____________ (do) the shopping this afternoon.
7. There isn't any milk left in the fridge. Oh Sorry! I _________________ (give) you some juice instead.
8. There's a knock at the door; that ______________ (be) the postman.
9. When the cat is away, the mice _______________ (play).
10. That _______________ (be) the book you are looking for.

*************************

## Grade 9 (စနစ်ဟောင်း)

အရင်အပတ်က Lesson 1: THE NECKLACE နှင့် Lesson 2 : The Nobel Prize သင်ခန်းစာတွေနဲ့ သက်ဆိုင်တဲ့ မေးခွန်းများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson 3: Producing A Television Show နှင့် Lesson 4: Two Words Of Wisdom သင်ခန်းစာတွေနဲ့ သက်ဆိုင်တဲ့ မေးခွန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

Review exercises on Lesson 3: Producing A Television Show & Lesson 4: Two Words Of Wisdom

**I. Give a suitable word to complete each sentence.**

1. Do you want to be a fashion d____?
2. P_____ makes perfect.
3. A d___ tells performers how to act in a play.
4. The best known p___ written by Shakespeare is "Romeo and Juliet".
5. Chit San Maung is a well-known m____.
6. A m_____ is a female horse.
7. A male horse is called a s_____.
8. If you follow the instructions, you will not get into t__.
9. You'll get better soon if you follow your doctor's a___.
10. We usually have our l___ at 2 o'clock.

**II. Supply the correct form of the word given in brackets.**

1. (direct) His father is a film _____.
2. (photograph) My brother is a well-known___.
3. (busy) Rehearsal time is the _____ and most difficult time.
4. (sing) I have heard this _____ sung in English.
5. (fame) U Kyaw Hein was more ___ as an actor than a singer.
6. (lead)The youths of today are the _____ of tomorrow.
7. (wealth) He is a very ____ man.
8. (wise) Ma Ma has made a _____ decision.
9. (interest) I am ____ in playing video games.
10. (live) The powerful cyclone claimed thousands of _____.

**III. Supply the correct form of the verb given in brackets.**

1. (wear) She _____ make-up whenever she goes outside.
2. (live)They _____ there for a long time.
3. (cry) She ____ as soon as she heard the bad news.
4. (design)U Kyaw_____ the buildings.
5. (whisper) What are they ____ about?
6. (show)Please ____ me your photo of your parents.
7. (perform) A computer can ___ many tasks at once.
8. (ride) Have you ever ____ a horse?
9. (laugh)Never ____ at other people's mistakes.
10. (use)I can't give you my pen; I ____ it.

**IV.Answer each question below in one complete sentence.**

1. Which scenes cannot be shot in the studio?
2. What is audition?
3. What is a studio?
4. What were the two brothers proud of?
5. What are the two words of wisdom in the story?

*Ans: I.1. designer; 2. Practice; 3. director; 4. play; 5. musician; 6. mare; 7. stallion; 8. trouble; 9. advice; 10. lunch;*
*II.1. director; 2. photographer; 3. busiest; 4. song; 5. famous; 6. leaders; 7. wealthy; 8. wish; 9. interested; 10. lives;*
*III.1. wears; 2. have lived; 3. cried; 4. designed; 5. whispering; 6. show; 7. perform; 8. ridden; 9. laugh; 10. am using;*
*IV.1.Scenes such as horses galloping, soldiers marching through fields and forests etc cannot be shot in the studio.2. Audition is selecting the right performer for the right role. 3. A studio is a big room or hall where performers act out and the camera-men do the shooting. 4. The two brothers were proud of their horses. 5. The two words of wisdom in the story are "change horses".*

++++++++++++++++

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

## ကရင်ပြာသာကျေးရွာ၌ အာယုသုခစေတီတော် ဌာပနာပူဇော်ပွဲနှင့် ထီးတော်တင်လှူပူဇော်ပွဲကျင်းပ



ညောင်တုန်း ဒီဇင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကရင်ပြာသာကျေးရွာ၌ တည်ထားကိုးကွယ်တော်မူသော အာယုသုခစေတီတော်မြတ်ကြီး ဌာပနာထည့်သွင်းပူဇော်ပွဲနှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ ဗုဒ္ဓါဘိသေက မဟာမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၆ ရက် ညနေပိုင်းနှင့် ၇ ရက် နံနက်ပိုင်းက ကျင်းပရာ ထိပ်ဝကြီးကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏဝံသ အရှင်သူမြတ်နှင့် အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒ အရှင်သူမြတ်တို့က အောင်တော်မူ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ပင့်ဆောင်ပူဇော်ဖွင့်လှစ်ခြင်းနှင့် ရတနာဒီပံမင်္ဂလာအလင်းတိုင် ထွန်းညှိပူဇော်ဖွင့်လှစ်ခြင်းတို့ပြုလုပ်ပေးသည်။

"အာယုသုခစေတီတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ကျေးရွာတာဝန်ခံ ဦးတင်ထွန်းအောင်၊ မြန်မာမှုပညာရှင် ဆရာဦးသန်းထွန်းဦး၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့၊ ပုညကာရီ ကောင်းကင်ကြိုးအဖွဲ့၊ ရွာသူရွာသားများနှင့် ကျိုက်လတ် ယွန်းဝတီအောင်မင်္ဂလာဆိုင်းအဖွဲ့တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ထို့နောက် မြတ်ပါရမီဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒ (ကမ္မဋ္ဌာနာစရိယ၊ M.A, Ph.D)အရှင်သူမြတ်နှင့် မတည်အလှူရှင်များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ ဦးလှဝင်း+ဒေါ်ခင်အေး၊ ကိုဝင်းကိုကိုလတ်+မအေးအေးမော်(ဒေါ်သောင်းစိန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း) မိသားစုတို့က ရပ်နီးရပ်ဝေး အလှူရှင်များနှင့်အတူ ဌာပနာဆိုင်ရာ ဝတ္ထုပစ္စည်းအစုစုတို့ကို ပင့်ဆောင်ထည့်သွင်းပူဇော်ခြင်းနှင့် ထီးတော်၏ ဘုံအဆင့်ဆင့်၊ ရတနာစိန်ဖူးတော်နှင့် အရံစေတီ ၁၂ ဆူတို့ကို နတ်ပန်းရထားဖြင့် ပင့်ဆောင်ပူဇော်၍ ရတနာရွှေမိုးငွေမိုးရွာသွန်းဖြိုးခဲ့ကြပြီး ဒေါ်သောင်းစိန် ဆေးမြစ်စုံ ဆေးပေါင်းဆီ ဆေးဘူးများ ဒါနပြုလှူဒါန်းခဲ့ကြောင်း သိရသည်။

၂၀၇

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေး (ငါးလုပ်ငန်းကဏ္ဍ) ဆောင်ရွက်သော ရေလုပ်သားများအတွက် မတည်ငွေများလွှဲပြောင်းပေးအပ်

မြစ်ကြီးနား ဒီဇင်ဘာ ၉

မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကျေးရွာကော်မတီများထံ ငါးလုပ်ငန်းဦးစီးဌာနမှ မတည်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစောအောင်ရဲထွဋ်လွင်က နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုများ တိုးမြှင့်နိုင်ရေးအတွက် ရင်းနှီးမတည်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာမြင့်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေး (ငါးလုပ်ငန်းကဏ္ဍ) ဆောင်ရွက်မည့် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအုပ်စု နယ်မြေ (၆) နှင့် ခေါင်ဖူးကျေးရွာဟောင်း ကျေးရွာတွင် ရေလုပ်ငန်းလုပ်ကိုင်သူ ၈၀ တို့အား တစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၃၀၀ စီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၆၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ယနေ့လွှဲပြောင်းပေးအပ်သည့် မြစ်ကြီးနားမြို့နယ်မှ ကျေးရွာနှစ်ရွာအပါအဝင် ဝိုင်းမော်မြို့နယ် စန်ကားကျေးရွာ၊ မိုးမောက်မြို့နယ် မန်နောင်ကျေးရွာနှင့် ရွှေကူမြို့နယ် ကျွန်တော်ကျေးရွာ စသည့်ကျေးရွာပေါင်း ငါးရွာတွင် တစ်ရွာလျှင် သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်း ရန်ပုံငွေသိန်း ၁၅၀၀ ကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၁၂)၊ မြေကွက်တည်နေရာအမှတ်(၁၁၂)၊ လုံးသွယ်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ဝင်းဝင်းသိန်း(AG-၃၀၈၂၅၂) အမည်ပေါက်နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဒေါ်ဝင်းဝင်းသိန်းအား တရားပြိုင်ထားကာ ဒေါ်ဝါဝါစိုးမှ တရားလို ပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊တရားမရုံး၌ တရားမကြီးမှုအမှတ်-၄၃/၂၀၂၂တွင် ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် မြေနှင့်အိမ်အပါအဝင် ပတ်သက်ဆက်နွှယ်သည့်အကျိုးခံစားခွင့် အရပ်ရပ်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု အနိုင်ဒီကရီချမှတ်သည့် (၁-၈-၂၀၂၂)ရက်စွဲပါ စီရင်ချက်/ဒီကရီနှင့် တရားမဇာရီမှုအမှတ်-၆၇/၂၀၂၂တို့အရ တရားရုံးကိုယ်စား တရားရုံးဘီလစ်စာရေးကြီး ဒေါ်လှဲ့လှဲ့ခိုင် [၁၃/တကန(နိုင်) ၀၀၃၄၁၉]မှ တရားရုံးအမိန့်များ၊ ဂရန်၊ နိုင်၊ ကတ်၊ ဘီလစ်ခန့်စာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး တင်ပြ၍ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


## နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ သွားနှင့်ခံတွင်းဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်ပေး

နေပြည်တော် ဒီဇင်ဘာ ၉

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှ စတုတ္ထနှစ်ဘီဒီအက်စ် (၁/၂၀၂၀) သင်တန်းအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူ ၃၅ ဦး၊ အလုပ်သင်ဆရာဝန် ခြောက်ဦးနှင့် အုပ်ချုပ်သူ ဆရာ ဆရာမ ငါးဦး စုစုပေါင်း ၄၆ ဦး ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ သွားနှင့်ခံတွင်း ဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် သွားနှင့်ခံတွင်း ရောဂါကုသပေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါအဖွဲ့သည် နေပြည်တော်၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ ဥတ္တရသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်များသို့ သွားရောက်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ လူဦးရေ ၁၀၂၆ ဦးအား ပညာပေးဟောပြောခြင်း၊ ကျောင်းသားကျောင်းသူ ၇၈၁ ဦးအား သွားနှင့်ခံတွင်း စစ်တမ်းကောက်ယူခြင်း၊ ပြည်သူ ၁၈၅၆ ဦးအား သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားနှင့် ခံတွင်း ဝေဒနာရှင် ၄၉၈ ဦးအား အခမဲ့ကုသပေးခြင်းများ ဆောင်ရွက်ကြသည်။



သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)အနေဖြင့် ကျောင်းသားကျောင်းသူများ အတွေ့အကြုံသစ်များ ရရှိနိုင်ရန်နှင့် ဒေသအလိုက်သွားရောဂါဖြစ်ပွားမှုအခြေအနေ စစ်တမ်းကောက်ယူရန်၊ ပညာပေးရန်နှင့် ဆေးရုံဆေးခန်းသို့လာရောက်ရန် မလွယ်ကူသော ပြည်သူလူထုအတွက် သွားနှင့်ခံတွင်းစောင့်ရှောက်ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ MRTV


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၁၊ မြေကွက်အမှတ်-၇ဒီ/၂.၃၊ ဧရိယာ(၀.၀၇၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၂၆၊ သီရိမင်္ဂလာလမ်း၊ ၈-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ အမည်ပေါက် ဦးအောင်မြင့် [၁၂/ကမရ(နိုင်) ၀၄၇၈၈၂]၊ ဒေါ်ကျင်မွှေး[၁၂/ကမရ(နိုင်)၀၄၇၈၈၃] အမည်ပေါက်သည့် မြေအမျိုးအစားမြေပိုင်မြေအား အမည်ပေါက်များဖြစ်ကြသည့် (ဖခင်)ဖြစ်သူ ဦးအောင်မြင့်သည် (၁၄-၁-၂၀၁၀)ရက်တွင်လည်းကောင်း၊ (မိခင်)ဖြစ်သူ ဒေါ်ကျင်မွှေးသည် (၁၆-၃-၂၀၂၂)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်၍ သား၊သမီးများဖြစ်ကြသည့် ဦးမျိုးဝင်း[၁၂/ကမရ(နိုင်)၀၄၆၇၃၄]၊ ဒေါ်တင်တင်မိုး[၁၃/ကတန(နိုင်) ၀၁၇၃၂၃]၊ ဦးမျိုးအောင်[၁၂/ကမရ(နိုင်)၀၄၆၇၃၇]၊ ဒေါ်တင်တင်စိုး [၁၂/ကမရ(နိုင်)၀၄၇၈၈၄]၊ ဦးမျိုးနိုင်[၁၂/ကမရ(နိုင်)၀၄၉၈၈၀]၊ ဦးမျိုးသက်[၁၂/ကမရ(နိုင်) ၀၄၉၈၈၁]တို့မှ အမည်ပေါက်၏သေစာရင်း၊ ကျန်ရစ်သူ သား၊ သမီးအရင်းများကသာလျှင် အမွေဆက်ခံပိုင်ဆိုင်သည်ဟူသော မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ်တွင် မောင်နှမ(၆)ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မောင်နှမ(၆)ဦးမှတစ်ပါး အခြားသော ကိတ္တိမသား/သမီးများနှင့် ဇနီးမယား၊ လင်ယောကျ်ားတို့မကျန်ရှိခဲ့ပါကြောင်း လသာမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်- ၂၅၆၂/၂၀၂၂ (၃၀-၈-၂၀၂၂)၊ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ အမည်ပေါက်သည့်အရောင်းအဝယ်စာချုပ်အမှတ်-၁၀၂/၂၀၀၉(၁၂-၁-၂၀၀၉) တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ န်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


## မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးခြင်း စမ်းသပ်ကောက်ယူ

မလှိုင် ဒီဇင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ (Working Group)ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက် ဦးဆောင်၍ ကော်မတီအဖွဲ့များလိုက်ပါလျက် ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီက အုပ်ကြီးကျေးရွာနှင့် အိုင်မရိုးကျေးရွာတို့၌ မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းကို အိမ်တိုင်ရာရောက် စမ်းသပ်ကောက်ယူခဲ့သည်။



မလှိုင်မြို့နယ်တွင် ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စု ကျေးရွာပေါင်း ၂၄၇ ရွာ ဖွဲ့စည်းထားရှိပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက eID Software Server အတွင်းမှ Print ထုတ်ထားသော အိမ်ထောင်စု လူဦးရေစာရင်းပုံစံ(၆၆/၆)နှင့် ပြည်သူ့လက်ဝယ်ရှိ အိမ်ထောင်စု လူဦးရေစာရင်းပုံစံ(၆၆/၆)တို့ဖြင့် မြေပြင်တွင်အမှန်တကယ်နေထိုင်လျက်ရှိသော လူဦးရေနှင့် လူပုဂ္ဂိုလ်ဆိုင်ရာအချက်အလက်များကို မှန်ကန်မှုရှိစေရေးအတွက် ရှေ့ပြေးအဖြစ် ကျေးရွာများသို့ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က ကျေးရွာနေမိဘပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးမှုလုပ်ငန်းစဉ် အဆင့်ဆင့်တို့အား ရှင်းလင်း ပြောကြားပြီးနောက် တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းတင်ပြမှုအပေါ် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မလှိုင်မြို့နယ်အနေဖြင့် Server ထည့်သွင်းပြီး အိမ်ထောင်စုပေါင်း ၄၁၁၂၉ စု၊ လူဦးရေပေါင်း ၁၅၂၆၆၆ ဦးရှိကြောင်း သိရသည်။ မြထွန်း(မလှိုင်)

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၉

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီးလှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာမြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ မိုး/ဇလ

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်နေ(ဘ)ဦးမောင်ညို၏ သမီး မဆုမြတ်လှိုင်[၇/ထတပ(နိုင်)၁၂၈၈၇၄]၏ မွေးသက္ကရာဇ်အမှန်မှာ (၂၃-၆-၂၀၀၄) ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်နေ(ဘ)ဦးမြင့်နိုင်၏ သမီး မနွေးနွေးလွင် [၇/ထတပ(နိုင်)၀၈၇၆၈၇]၏ မွေးသက္ကရာဇ်အမှန်မှာ (၃၀-၇-၁၉၉၆) ဖြစ်ပါကြောင်း။

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၃၊ စက်မှုလယ်ယာ(၂)လမ်း၊ မြေကွက်အမှတ်(၁၃၂၁)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတွင် ၁။ ဦးအောင်မြတ်စိုး[၁၄/ရကန(နိုင်)၀၀၃၃၁၃]၊ ၂။ ဒေါ်ကေခိုင်စုသွယ်[၁၄/ပသန(နိုင်)၀၀၈၄၁၅]၊ ၃။ ဒေါ်ချောစုလတ်[၁၄/ပသန(နိုင်)၁၅၀၀၄၆]၊ ၄။ဒေါ်ခိုင်မျိုးမြတ်[၁၂/ဗဟန(နိုင်)၀၈၇၃၀၃]အမည်များဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့အား ၎င်းတို့(၄)ဦးထံမှ ဝယ်ယူပိုင်ဆိုင်ထားပြီး အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၉၆၅၁/၂၀၂၂ဖြင့် အရှုပ်အရှင်းမရှိပါ၍ ရောင်းချပိုင်ခွင့် အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသူ ဒေါ်သိင်္ဂီစော[၁၁/စတန(နိုင်)၀၀၂၂၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**
**အမှတ်(၃၈၈)၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်-၁၀၄၊ San chaung Garden Residence၊ 10th Floor၊ အခန်း-P-1002 တိုက်ခန်းအား ဦးထွန်းလင်းဇော်ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေသည် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဆက်လက်ငွေချေ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ဝယ်သူ၏တာဝန်အရ အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသဲခိုင်**
**အထက်တန်းရှေ့နေ(စဉ်-၄၁၃၅၄)**
**“ဝင်းထက်” ဥပဒေလမ်းညွှန်နှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း**
**အမှတ်-၁၄၀ (ဒု-ထပ်)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၃၄၇၅၅**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်းသစ်၊ အမှတ်(၅၅/၆၁)တွင် တည်ထောင်ဖွင့်လှစ်ထားသော ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်(၎င်း၏တာဝန်ပေးအပ်ခြင်းခံရသူ ဦးဇော်ဝင်း)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

အမှတ်(၁၄၉/အက်ဖ်)၊ မြကန်သာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်အမှတ်(၂၀/ဒီ)၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဧရိယာ (၀.၀၄၃)ဧကအကျယ်အဝန်းရှိ ဦးထွယ်မိုင်အောင် အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်း ကုမ္ပဏီလီမိတက်တွင် ယနေ့တိုင် အာမခံအဖြစ် တင်သွင်းထားကာ တစ်စုံတစ်ရာမျှ တရားဝင်ဖြေရှင်းဆောင်ရွက်ပြီးစီးခြင်းမရှိသည့်အပေါ် ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း ကုမ္ပဏီလီမိတက် သိရှိသဘောတူညီခြင်းမရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ဆောင်ရွက်ခြင်းမပြုပါရန် အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးတိုးဝေမြင့်** | **ဒေါ်အေးငြိမ်းအောင်** |
| **LL.B, Diploma in Business Law(UK)** | **(LL.B)** |
| **(စဉ်-၃၁၀၉၉)** | **(စဉ်-၃၉၄၅၆)** |

**အထက်တန်းရှေ့နေများ**
**အမှတ်-၆၁၁၊ အောင်မင်္ဂလာလမ်း၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၇၀၅၇၁၊ ၀၉-၇၉၃၂၈၀၆၈၆**

## သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄ (ကံဘဲ့)၊ မြေကွက်အမှတ်- ၇/၃၀၊ ဦးချစ်ဝင်း အမည်ပေါက် မြေငှား စာချုပ်အမျိုးအစား မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက် (RC)အဆောက်အဦကြီးမှ အမှတ်(၃၁၇)၊ တတိယထပ်(ခြေရင်းခန်း)၊ အရှေ့ဝါယာလက် (၃)လမ်း၊ (ကမ္ဘာအေး)၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော ဧရိယာ (၁၇x၄၂)ပေအကျယ်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး၊ လျှပ်စစ်မီတာအပါအဝင် လက်ရှိထားနေထိုင်သုံးစွဲပိုင်ခွင့်အရပ်ရပ်အားလုံးတို့နှင့် စပ်လျဉ်း၍ (၇-၈-၁၉၉၉) ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်၍ လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ကျွန်ုပ်၏အမှုသည် ဦးကင်ဟုတ် (ပီအေဂျီ-၁၄၀၄၅၉) [၁၂/မရက(နိုင်)၁၂၇၇၈၀]၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတို့ လုံးဝ(လုံးဝ) မပြုလုပ်ကြပါရန် ကြိုတင် အသိပေးကြေညာတားမြစ်ထားပါလျက် မလိုက်နာဖောက်ဖျက် ပျက်ကွက်ကြောင်း စုံစမ်းကြားသိရပါက ဥပဒေပါ အခွင့်အရေးများ တည်ရှိသည်နှင့်အညီ လိုအပ်သလို အရေးဆိုဆောင်ရွက်ပေးနိုင်ပါရန် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြိုတင်သတိပေး ကြေညာအပ်ပါသည်။

**ဦးကင်ဟုတ်၏ လွှဲအပ်ညွှန်ကြားချက်အရ- LRE Lawfirm**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဦးဝဏ္ဏဇော် ဒေါ်စိုးစိုးနွယ်** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **(စဉ်-၉၇၈၀) (စဉ်-၁၄၁၈၃)** | **ဦးဇာနည်အောင် (စဉ်-၄၉၉၆၀)** |
| **ဒေါ်စန်းစန်းန ဒေါ်အေးမွန်သိန်း** | **ဒေါ်နွေးနွေးအိ (စဉ်-၄၉၄၇၁)** |
| **(စဉ်-၁၄၁၈၄) (စဉ်-၁၆၂၆၉)** | |
| **ဒေါ်စုမြတ်နွယ် (စဉ်-၁၆၆၈၅)** | |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉- ၅၁၈၁၁၈၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၂၉/ သုဝဏ္ဏ (လုံးချင်း)၊ မြေကွက်အမှတ်-ယခင်-၁၊ ယခု-၆/င(က)ဟုခေါ်တွင်သော အမှတ်-ယခင်-၁၊ ယခု-၆/င(က) ပေါ်ဆန်းမွှေးလမ်း ၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ ဧရိယာ(၀.၆၇၀)ဧကနှစ်(၆၀)ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသော ပေါ်ဆန်းမွှေးအဆင့်မြင့်အိမ်ရာစီမံကိန်း (၈)ခန်းတွဲ (၈ ½ )တိုက်၏ တိုက်အမှတ် (A)၊ တိုက်ခန်းအမှတ်(၁၀၁)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၁၄၀)စတုရန်းပေ ကျယ်ဝန်းသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးမြသက်အောင်[၁၂/ဗဟန(နိုင်)၀၂၁၃၀၆]နှင့် ဦးဇော်ဝင်း[၁၃/ကလတ(နိုင်)၀၂၀၅၄၀]တို့က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အ တွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နီဝမ်းလှိုင်အောင်** | **ဒေါ်မီမီဖူးသက်ငုံ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၁၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၄၇၈)** |

**တိုက်(၄)၊ အခန်း(၂၀၄)၊ ပုလဲမွန်အိမ်ရာ၊ (၆၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၂၃၈၈၈၊ ၀၉-၉၆၉၇၈၄၁၂၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၂၊မြေကွက်အမှတ်-၆၁/ခ၊မြေကွက်တည်နေရာအမှတ်-၆၁/က၊ဘရဏီ(၁)လမ်း၊(၁၂)ရပ်ကွက်၊တောင်ဥက္ကလာပ၊ဒေါ်သိန်းကြည်(၁၂/ဥကတ(နိုင်)၁၁၁၆၃၀)၊အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဒေါ်သိန်းကြည်မြေကွက်အားဒေါ်သိန်းကြည်(မိခင်)သည်(၂၆-၅-၁၉၉၂)တွင်လည်းကောင်း၊ဦးထွန်းငွေ(ဖခင်)သည်(၁၈-၃-၁၉၉၁)တွင်လည်းကောင်းအသီးသီးကွယ်လွန်သဖြင့်၎င်းတို့၏သားသမီးများဖြစ်ကြသောဦးခင်မောင်ဝင်း(၁၂/ဥကတ(နိုင်)၀၈၄၂၇၈)၊ဦးခင်မောင်အေး(၁၂/ဥကတ(နိုင်)၀၂၁၁၄၂)၊ဒေါ်လှလှဝင်း(၁၂/ဥကတ(နိုင်)၀၀၄၉၀၂)ဒေါ်ခင်ခင်လေး(၁၂/ဥကတ(နိုင်)၁၁၅၄၉၂)တို့မှသားသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာအမှတ်-၁၀၈၆/၂၀၂၂(၃၀-၈-၂၀၂၂)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊၎င်းတို့ထံမှ GPအမှတ်-၁၄၅၃၀/၂၀၂၂(၁၇-၈-၂၀၂၂)ရသူဦးမျိုးအေး(၁၂/ပဇတ(နိုင်)၀၁၀၂၂၂)ပါဝါသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုတ်သိမ်းကြောင်းကျမ်းကျိန်လွှာအမှတ်-၁၀၈၅/၂၀၂၂(၃၀-၈-၂၀၂၂)ဂရန်နိုင်/ကတ်၊သေစာရင်းများ၊ဝန်ဆောင်ခတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ် (၂၈၀/ခ)၊ ဧရိယာ (၁၀ ပေ x ၆၀ ပေ) ရှိ အကွက်ချပါမစ်မြေကွက်၏ (ခေါင်းရင်းဘက်အခြမ်း)၊ ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂၈၀/ခ)၊ သံသုမာ (၁) လမ်း၊ (၁၉) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်အပါအဝင် ယင်းနေအိမ်၌ စွဲကပ်တည်ရှိသော အိမ်သုံးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အကွက်ချပါမစ်မြေကွက်၏ အမည်ပေါက် ပိုင်ရှင်ဖြစ်သူမှာ ဒေါ်အေးရင် (AA-056082) အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပြီး ၎င်းထံမှ ပုဂ္ဂိုလ်များက အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်လာခဲ့ကြပြီး နောက်ဆုံးဝယ်ယူ ပိုင်ဆိုင်လျက်ရှိသူ ဦးလှနိုင် (BGLE-030866) နှင့် ဇနီးဖြစ်သူ ဒေါ်မော်အေးခိုင် တို့ (၂)ဦးထံမှ ကျွန်ုပ်၏ မိတ်ဆွေများမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက် နှင့်အိမ် အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိသူ မည်သူမဆို တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ ပြသ၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက် ကျော်လွန်သည့်တိုင် ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးဟန် B.A (Law), LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၄၆/၈၈)**
**အမှတ်(၂၆၆/ခ)၊ မြို့သစ်(၈)လမ်း၊ မြို့သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၃၂၉၃**

## သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄(ကံဘဲ့)၊ မြေကွက်အမှတ်-၇/၃၀၊ ဦးချစ်ဝင်း အမည်ပေါက် မြေငှားစာချုပ်အမျိုးအစား မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆) ထပ်တိုက် (RC) အဆောက်အဦကြီးမှ အမှတ်(၃၁၇)၊ မြေညီထပ်(ခြေရင်းခန်း)၊ အရှေ့ဝါယာလက် (၃)လမ်း၊ (ကမ္ဘာအေး)၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့ နယ်ဟု ခေါ်တွင်သော ဧရိယာ (၁၇x၄၂) ပေ အကျယ်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး၊ လျှပ်စစ်မီတာ အပါအဝင် လက်ရှိထားနေထိုင်သုံးစွဲပိုင်ခွင့် အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ (၁-၁-၁၉၉၈)ရက်စွဲပါ တိုက်ခန်း အရောင်းအဝယ်စာချုပ်အရ အပြီးအပိုင် ဝယ်ယူပိုင်ဆိုင်၍ လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ကျွန်ုပ်၏အမှုသည် ဦးမောင်ဝင်း[၁၂/မရက(နိုင်)၁၁၁၃၆၆]၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတို့ လုံးဝ(လုံးဝ)မပြုလုပ်ကြပါရန် ကြိုတင်အသိပေးကြေညာတားမြစ်ထားပါလျက် မလိုက်နာဖောက်ဖျက်ပျက်ကွက်ကြောင်း စုံစမ်းကြားသိရပါက ဥပဒေပါ အခွင့်အရေးများ တည်ရှိသည်နှင့်အညီ လိုအပ်သလို အရေးဆို ဆောင်ရွက်ပေးနိုင်ပါရန် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြိုတင်သတိပေး ကြေညာအပ်ပါသည်။

**ဦးမောင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ- LRE Lawfirm**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဦးဝဏ္ဏဇော် ဒေါ်စိုးစိုးနွယ်** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **(စဉ်-၉၇၈၀) (စဉ်-၁၄၁၈၃)** | **ဦးဇာနည်အောင် (စဉ်-၄၉၉၆၀)** |
| **ဒေါ်စန်းစန်းန ဒေါ်အေးမွန်သိန်း** | **ဒေါ်နွေးနွေးအိ (စဉ်-၄၉၄၇၁)** |
| **(စဉ်-၁၄၁၈၄) (စဉ်-၁၆၂၆၉)** | |
| **ဒေါ်စုမြတ်နွယ် (စဉ်-၁၆၆၈၅)** | |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉- ၅၁၈၁၁၈၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅၄၃

| | | |
|---|---|---|
| CB Bank PCL (ယခင် သမဝါယမ ဘဏ်လီမိတက်) (၎င်း၏ကိုယ်စား ဒုတိယမန်နေဂျာ ဦးမျိုးမင်း) | နှင့် | ဒေါ်ခင်ထိုက်ထိုက်ထွန်း (မြင့်မိုရ်ကျော်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း) |
| **(တရားလို)** | | **(တရားပြိုင်)** |

**ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ပတ္တမြားလမ်း၊ အဆောင်-၄/၅၊ အခန်း-၈/ဃ** ရပ်နေ ဒေါ်ခင်ထိုက်ထိုက်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက (၁၆-၁၂-၂၀၂၁)ရက်အထိ ကျသင့်သော SME CGI ဘဏ်ချေးငွေအရင်း၊ အတိုးနှင့် နောက်ကျကြေးငွေ စုစုပေါင်း - ၂၄, ၅၃၈, ၁၈၁.၅၇/-(ကျပ်နှစ်ရာလေးဆယ့်ငါးသိန်းသုံးသောင်းရှစ်ထောင်တစ်ရာရှစ်ဆယ့်တစ်ကျပ်ငါးဆယ့်ခုနစ်ပြားတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လကွယ်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းမြမြစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၇) ရပ်ကွက်၊ စေတနာလမ်းသွယ်လမ်း၊ အမှတ်(၂၂၈၂/က)ဟုခေါ်တွင်သော (အလျား၂၀ပေxအနံ ၆၀ပေ)ရှိ ဦးသောင်းကျော် အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုသူ ဒေါ်မာမာဝင်း [၁၄/မအပ(နိုင်)၀၇၄၉၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သိန်း[၁၂/ဥကတ(နိုင်) ၁၁၄၂၁၈]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေပြီးဖြစ်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိခင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၃၄)**
**အမှတ်-၉/၁၁၊ အခန်း-၁၀၃/E၊ ပထပ်၊ ၃၆လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၄၁၉၁၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃-လမ်း၊ အမှတ်(၂၂/ဘီ)၊ အကျယ်အဝန်း(၁၅x၄၀)ပေရှိ မြေနှင့်အိမ်ပိုင်ဆိုင်မှုဂရန်ပါ နှစ်ထပ်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်နူရ်နားတာရ်(ခ) ဒေါ်လှတင် [၁၂/တမန(နိုင်)၀၅၇၆၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မြင့် [၁၂/သဃက(နိုင်)၀၀၄၀၉၃]က ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင် အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြတ်သူ (စဉ်-၁၄၀၆၀/၁၇)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၃၀၅၂၀**

## အများသိစေရန်ကြေညာ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၈၂)နေ ဦးသော်ဇင်နိုင် [၁၂/ဒပန(နိုင်)၀၄၆၉၇၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်-

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၃၄)၊ ၅-လွှာ(ဘယ်)၊ အကျယ်အဝန်း (၁၂ ½ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းကို ဒေါ်အိအိစိုး [၁၂/ဗဟန(နိုင်)၀၁၅၆၄၁]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးသော်ဇင်နိုင် [၁၂/ဒပန(နိုင်)၀၄၆၉၇၁]သည် (၁၉-၁၀-၂၀၁၉)ရက်နေ့တွင် “တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ် စာချုပ်” ကို ချုပ်ဆို၍ ဝယ်ယူခဲ့ပြီး တိုက်ခန်းနှင့်ဆက်စပ်သည့်စာချုပ် စာတမ်းမူရင်း/မိတ္တူနှင့်အတူ တိုက်ခန်းကို လက်ရောက်ရယူထားသော တိုက်ခန်းဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ တိုက်ခန်းကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသော်ဇင်နိုင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူမဆို တိုက်ခန်းအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းနှင့် တိုက်ခန်းကို အခြားသူများထံသို့ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းတို့ကို ပြုလုပ်ပါက တည်ဆဲဥပဒေ များနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ဦးသော်ဇင်နိုင်၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအောင်ဖြိုးလတ် (LL.B)** | **ဦးဖြိုးဝေဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၁၂၉)** |

**အဓိပတိ (Law Firm)**
**အမှတ်-၁၀၆၊ ပထမထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၀၀၅၂၁၈၅၊ ၀၉-၂၆၃၇၃၇၄၉၈**

၁၉၇၂-၇၃ ခုနှစ်ဝန်းကျင် တပည့်ဟောင်းများ၏ (၂၈)ကြိမ်မြောက်

**အ.ထ.က(၁)တာမွေ "မြတ်ဆရာကန်တော့ပွဲ"**

**၂၅-၁၂-၂၀၂၂ခရစ္စမတ်နေ့** ယခင်နှစ်များကဲ့သို့Wave Moneyမှတစ်ဆင့်ပေးပို့ကန်တော့ကြပါမည်။

"ကန်တော်ကြီးရေပြင်ကို ရှပ်တိုက်ပြေးလာတဲ့ လေနအေးကို ရှူရှိုက်ရင်း ... အထက(၁)တာမွေမှာ ပညာရည်နို့ သောက်စို့ခဲ့ကြတဲ့ ...သူငယ်ချင်းအပေါင်းတို့..." ။ ။ ခုဆိုရင် ... ကိုဗစ်-၁၉တတိယလှိုင်းမှာရော ... ကိုဗစ်-၁၉ မျိုးကွဲအိုမီခရွန်ဖြတ်သန်းချိန်တွေပါ... ကျော်လွှန်ပြီးဆုံးဆဲ... လွန်မြောက်ဆဲ... မျက်မှောက်ကာလမှာ... ကြွေလွင့်သွားခဲ့ရှာပြီဖြစ်တဲ့ ဆရာကြီး-ဆရာမကြီးတွေ...တိမ်းပါးသွားခဲ့ကြတဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေ... တစ်ယောက်ပြီးတစ်ယောက်... (၁)တာမွေကို နှုတ်မဆက်ပဲ... ခွဲခွာသွားကြကုန်ပြီ...။ 'သွားနှင့်သူ'တွေ... ကောင်းရာဘုံဘဝရောက်ရှိကြပါစေလို့ ဆုတောင်းရင်း ... အသက်(၇၀)နား ချဉ်းကပ်လာပြီဖြစ်တဲ့ ...'ကျန်ရစ်သူ' ငါတို့တစ်တွေရဲ့ ဘဝလက်ကျန်သက်တမ်းမှာ...'ကျေးဇူးရှင်'ငယ်ဆရာကြီး-ဆရာမကြီးတွေကို ...ဂါရဝပြုကြရအောင် ...။ ။

**ငွေကြေးကုသိုလ်ပါဝင်မယ်ဆိုရင် (၂၅-၁၂-၂၀၂၂နေ့အထိ) Wave Money မှတစ်ဆင့်...**
**ဦးမောင်မောင်တိ(သချၤာ) 095186637, ဒေါက်တာတင်စံဦး 09973463916, ဒေါ်အေးအေးသန်း 09798419255, ဒေါ်ခင်အေးမြင့် 09253367938, ဒေါ်သီသီဆွေ 09421067702, ဒေါ်အုန်းကြင် 09450015182 နှင့် ဒေါ်ကျင်ကျင်စန်း 095120608 သို့ ပေးပို့လှူဒါန်းနိုင်ပါတယ်... ။ ။**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဦးထွန်းမြတ်လမ်း၊ အမှတ်- ၄ ဟုခေါ်တွင်သော အိမ်မြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၃ ဘီ ၁၊ မြေကွက်အမှတ်- ၅၀၆-ဒီ၊ ဧရိယာ(၀.၅၅၁ )ဧက အကျယ်ရှိ ဦးစိန်ကြည် အမည်ပေါက် မြေပိုင်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်သည့် ၁။ ဦးအောင်ကြည် [၁၂/တမန(နိုင်)၀၈၈၂၉၁]၊၂။ ဒေါ်စုစုကြည် [၁၂/တမန(နိုင်)၀၃၆၄၄၃]၊ ၃။ဒေါ်ဝင်းဝင်းသန်း [၁၂/တမန(နိုင်)၀၈၈၂၉၂]၊ ၄။ ဦးဇော်ဝင်းကြည် [၁၂/တမန(နိုင်)၀၆၈၃၅၃]၊ ၅။ ဦးဇော်မင်း [၁၂/တမန(နိုင်)၀၀၉၅၀၇]၊ ၆။ ဒေါ်စုစုဝေ [၁၂/တမန(နိုင်)၁၀၃၇၅၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၇၀၂)**
**ယူနိုက်တက်ကွန်ဒို၊ အခန်း- ၁၁၁၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ပါသည်"

**ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ အမှတ်-၂၄ (၃လွှာ/ခြေရင်းခန်း) အားပိုင်ဆိုင်လက်ရှိဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ဌေးဌေးဝင်း ထံမှ ကျွန်ုပ်မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန် အတွက် စရံငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။**

**သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စပြီးပြတ်သည်အထိ ဆက်လက်ငွေချေဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဝယ်သူ၏တာဝန်အရ အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်နိုင်ဦး (အထက်တန်းရှေ့နေ) စဉ်- ၄၆၇၁၆**
**"ဝင်းထက်"ဥပဒေလမ်းညွှန်နှင့်အထွေထွေအကျိုးဆောင်လုပ်ငန်း**
အမှတ်-၁၄၀ (၃-ထပ်)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ၀၉ ၅၀၉၂ ၃၉၁

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ် (ဥ-၇၇၁၄)၊ ဦးတင်ဝင်း၊ အဖအမည်ဦးအောင်ကြီး[၉/ပမန(နိုင်)၁၈၉၂၃၅] အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်နေရာချထားပေးခြင်းခွင့်ပြုမိန့် (မူရင်း) ပျောက်ဆုံးသွားပါသဖြင့် ဦးတင်ဝင်း အဖအမည် ဦးအောင်ကြီး[၉/ပမန(နိုင်)၁၈၉၂၃၅]မှ မြေကွက်နေရာချထားပေးခြင်းခွင့်ပြုမိန့်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ (မူရင်း)၊ ဝန်ခံကတိပြုချက် (မူရင်း)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက် (မူရင်း)၊ ရဲစခန်းထောက်ခံချက် (မူရင်း)များ တင်ပြပြီး မြေကွက်နေရာချထားပေးခြင်းခွင့်ပြုမိန့် **မိတ္တူမှန်** ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေကွက်နေရာချထားပေးခြင်းခွင့်ပြုမိန့် **မိတ္တူမှန်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ ပေါ်ဆန်းမွှေးလမ်း၊ မြေကွက်အမှတ်(၁၇၆)၊ အကျယ်အဝန်း (၄၀'x ၆၀')ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနတွင် ဒေါ်တင်ဝင်းအမည်ဖြင့် မှတ်သားတည်ရှိပြီး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်တင်ဝင်း (ဘ) ဦးတန်ကား (D/RGN 005189) အမည်ဖြင့် ချထားပေးသော(ပါမစ်) မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သတ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ကျော်ထွန်း [၈/မလန(နိုင်)၀၈၅၁၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှလွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အား လွှဲပြောင်းရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားအပြည့်အစုံဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်နေ့ရက်ကျော်လွန်သည့် အချိန်တွင် အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သင်းယုရွှေ (LL.B.,D.B.L)** | **ဒေါ်ကေသွယ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၃၆)** | **အထက်တန်းရှေ့နေ (စဉ်-၄၈၀၆၉)** |

**အမှတ်-၂၀၄၊ မြိတ်လမ်း၊ (၂၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၃၁၆၈၀၀၃၊ ၀၉-၇၇၃၁၆၈၀၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၅)လမ်း၊ အမှတ်(7-A)ဟုခေါ်တွင်သည့် ၅ ထပ်တိုက် အဆောက်အဦ၏ စတုတ္ထထပ်(၅လွှာ-ခေါင်းရင်းခန်း) အကျယ်အဝန်း(၁၂ ၁/၂ x ၅၀)ပေ ကျယ်ဝန်းသည့် တိုက်ခန်းအား ဒေါ်ခင်မြနိုင်[၁၂/ကမတ(နိုင်)၀၅၅၇၈၈]ကိုင်ဆောင်သူက လက်ရှိလက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကြေညာကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ တိုက်ခန်းတန်ဖိုး တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနန္ဒာဝင်း LL.B, M.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၄၂)**
**အမှတ်(၂၀၉)၊ ပထမထပ်၊ ၁၂ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၃၆၂၀၅**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

(အဖ) ဦးဇော်လွင်ဦး [၁၂/မဂဒ(နိုင်)၀၇၇၉၉၅]၊ (အမိ) ဒေါ်စုစုလှိုင် [၇/ပခန(နိုင်)၂၁၅၃၈၅] တို့၏ သားများဖြစ်သော မောင်သော်ကောင်းဦးအား မောင်အောင်ကောင်းခန့်ဟုလည်းကောင်း၊ မောင်မင်းသုခအား မောင်ဘုန်းတေဇာဖြိုးဟု လည်းကောင်း အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်ကောင်းခန့်၊ မောင်ဘုန်းတေဇာဖြိုး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(J-16)၊ ပဒေသာပင်လမ်း၊ FMI City၊ (၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၉၀၉)၊ ဧရိယာ(၀.၁၁၀)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်နန်းသန့်သန့်ငြိမ်း[၇/မလန(နိုင်)၀၀၀၀၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သက်နှင်းဦး [၇/ပခန(နိုင်)၁၉၅၉၄၁]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်သက်နှင်းဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဖြိုးအောင် LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**Ph-09-421157856,09-798458627**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star city၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃)
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၅၁

၁။ ဒေါ်ကြည်ကြည်ဆွေ
၂။ ဒေါ်သန်းသန်းဌေး
၃။ ဒေါ်ခင်ခင်ဌေး --------- လျှောက်ထားသူများ
၄။ ဦးမြင့်သိန်း
၅။ ဒေါ်ခင်ခင်အေး

**ကွယ်လွန်သူ ဦးထွန်းမြင့် နှင့် ဒေါ်လှကြည် ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ ဓမ္မာရုံဖြတ်လမ်း၊ အမှတ်- ၃၃ တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထွန်းမြင့်နှင့် ဒေါ်လှကြည်တို့ကျန်ရစ်ခဲ့သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူများက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထွန်းမြင့်နှင့် ဒေါ်လှကြည်တို့ ကျန်ရစ်ခဲ့သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ရန် သင့်လျော်မည်ဟု ထင်မြင်လျှင်ဆိုခဲ့သော ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မြ)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၄၂၇ ဆက်နွှယ်သည့်
## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၁၀၁

| | | |
|---|---|---|
| ဦးမြင့်စိုး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးပြုံးချို) | နှင့် | ဒေါ်ပြည့်ဖြိုးဝင်း |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၂/၁၅)၊ နတ်စင်လမ်း၊ (၂)ရပ်ကွက်နေ တရားရှုံးဖြစ်သည့် **ဒေါ်ပြည့်ဖြိုးဝင်း (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် -၄၂၇ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် **ဒီကရီအနိုင်ရသူက** လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခု ရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့**တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မာသီ)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၅)လမ်း၊ အမှတ်(၄၄၅)၊ နှစ်ခန်းတွဲ RC (၆)ထပ်တိုက်မှ စတုတ္ထထပ် (၅-လွှာ)၊ တိုက်မျက်နှာမူ ဘယ်ဘက်အခန်း)၊ ဧရိယာ(၅၄၀.၅)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်မိုးနိုင် [၁၂/ဥကတ(နိုင်)၁၄၆၁၇၇]၊ ဒေါ်သီရိရွှေစင်သောင်း [၁၂/ပဘတ(နိုင်)၀၃၀၇၂၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်အေးအေးမွန်[၁၂/ပဘတ(နိုင်)၀၀၂၁၆၇]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လို သူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-450023651,09-793568375**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၃)လမ်း၊ အမှတ်(၃၉၄)၊ မြေညီထပ်ကားပါကင်ပြုလုပ်ထားသော တစ်ခန်းတည်း RC(၈)ထပ်ခွဲတိုက်မှ ပဉ္စမထပ်(၆-လွှာ)၊ ဧရိယာ(၁၉၀၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ အရိယမဂ္ဂင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်(ကိုယ်စား)(ဒါရိုက်တာ)ဒေါ်ဝေဝေသန်း [၁၂/ဗတထ(နိုင်)၀၀၃၄၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးငြိမ်း [၁၂/ရကန(နိုင်)၀၀၀၁၉၅]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph-09-450023651,09-793568375**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈၀၊ မြေကွက်အမှတ်- ၂၀၊ ဧရိယာ(၀.၀၂၉)ဧက၊ မြေကွက်တည်နေရာအမှတ်-၆၆၊ ပတ္တမြားလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဒေါ်ရင်ရင်ငြိမ်း [၁၂/ကမရ(နိုင်)၀၃၉၇၄၉] အမည်ပေါက် မြေအမျိုးအစား နှစ်(၆၀) မြေငှားဂရန် (စီမံချက်ဂရန်) မြေအား အမည်ပေါက်ကိုယ်တိုင်မှ အဆိုပါမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂၀၀၀) ခုနှစ်က ဘဏ်ချေးမြေပုံထုတ်ယူထားခဲ့သော်လည်း အဆိုပါဘဏ်ချေးမြေပုံမူရင်းမှာ အထားမှား အသိမ်းလွန်ရာမှပျောက်ဆုံးခဲ့ပြီးမြေပုံနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဂရန်အား အခြားသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ စွန့်လွှတ်၊ အာမခံထားခြင်း အပါအဝင် အခြားနည်းလမ်း တစ်စုံတစ်ရာဖြင့် လွှဲပြောင်းထားခြင်းလုံးဝမရှိပါကြောင်းနှင့် မူရင်းခွဲများထုတ်ယူထားခြင်းမရှိပါကြောင်း၊ ဂရန်မူရင်းသည်လည်း မိမိလက်ဝယ်တွင်ရှိပါကြောင်းကို ဗိုလ်တထောင်မြို့နယ်တရားရုံး၏ (၂၂-၁၁-၂၀၂၂) ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ်-၁၂၁၇/၂၀၂၂၊ နှစ်(၆၀) ဂရန်တို့ကိုတင်ပြ၍ ဘဏ်ချေးမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငယ်ငယ်ဝင်း [၁၂/တမန(နိုင်)၀၉၃၀၀၆] သည် 1I/3669 TOYOTA ALPHARD MNH 10 အမျိုးအစား မော်တော်ယာဉ်အား ၈-၉-၂၀၁၇ရက်နေ့မှစ၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းသည် အဆိုပါမော်တော်ယာဉ်အား အမည်ပေါက်ပြောင်းရန်အတွက် အခွန်ထမ်းဆောင်ခဲ့ပါသည်။ အဆိုပါမော်တော်ယာဉ်အား ၁၇-၁၂-၂၀၂၀ ရက်နေ့တွင် ဦးအောင်မျိုးသန့် [၈/မလန(နိုင်)၀၉၈၃၂၉] ထံ ၃လ ငှားရမ်းခဲ့ပြီး ငှားရမ်းခမရသဖြင့် စုံစမ်းသည့်အခါ အဆိုပါမော်တော်ယာဉ်အား လိမ်လည်ရောင်းချမှုဖြင့် တရားရုံးတွင် အမှုဖြစ်ပွားနေကြောင်း စုံစမ်းသိရှိခဲ့ရ၍ ဒေါ်ငယ်ငယ်ဝင်းမှလည်း ဦးအောင်မျိုးသန့်အား အမှုဖွင့်၍ တရားစွဲဆိုခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်ငယ်ငယ်ဝင်းတွင် အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် owner book မူရင်းနှင့် ယာဉ်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှု စာရွက်စာတမ်းများ လက်ဝယ်ပိုင်ဆိုင်ထားသော်လည်းယာဉ်အား ယနေ့အချိန်ထိ ပြန်လည်ရရှိခဲ့ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ဒေါ်ငယ်ငယ်ဝင်းသည် အဆိုပါ မော်တော်ယာဉ်အား ခိုင်လုံသော အထောက်အထားများဖြင့် ပိုင်ဆိုင်လျက်ရှိပါကြောင်းနှင့် အဆိုပါ မော်တော်ယာဉ်အား အခြားသူတစ်ဦးဦးမှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်းများ ရှိခဲ့ပါက ကျွန်ုပ်မိတ်ဆွေထံ အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။

**ဒေါ်ငယ်ငယ်ဝင်း (၀၉-၅၀၇၃၁၃၆)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲဝံ့ကိုကို (စဉ်-၅၂၇၆၄)**
**အထက်တန်းရှေ့နေ**
**၁၀၂၁/က၊ ဦးကြင်ဥ(၂)လမ်း၊ ၃၂ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၅၂၈၀၁၉၉၁**

## အများသိစေရန် ကြေညာချက်

၁။ သင်္ဃန်းကျွန်းမြို့နယ်၊ စုပေါင်းရပ်ကွက်၊ သစ်ရာပင်လမ်း၊ အမှတ်(၄၀၅) တွင် (၄)ထပ်တိုက်+Steel (Liftပါ) (Extension) အဆောက်အဦတိုးချဲ့ခွင့်အား မြေရှင် ဒေါ်စပယ်ကြည်၊ လိုင်စင်ရကန်ထရိုက်တာ ဒေါ်သင်းစုလွင်(LC-1134) တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ၂၃-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၈၅၄/၈၅၅/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ(၄)ထပ်တိုက်+Steel (Liftပါ) (Extension) အဆောက်အဦတိုးချဲ့ခွင့်အား လိုင်စင်ရကန်ထရိုက်တာ ဒေါ်သင်းစုလွင်(LC-1134)အစား ဦးကိုကိုလေး(LC-428)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာ(၂)ဦးတို့မှ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တက္ကသိုလ် ဓာတုဗေဒမိသားစု၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)နှစ်နှင့် အထက် ဆရာကြီး/ ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပါသဖြင့် ဓာတုဗေဒဘာသာရပ်ဖြင့် ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ပညာသင်ယူနေဆဲ ကျောင်းသား၊ ကျောင်းသူများအားလုံး ပါဝင်ကုသိုလ်ယူရန်နှင့် မပျက်မကွက် တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၃၁-၁၂-၂၀၂၂ ရက်(စနေနေ့)

အချိန် - မွန်းလွဲ (၁:၀၀)နာရီမှ ညနေ (၄:၀၀)နာရီအထိ

နေရာ - ရန်ကုန်တက္ကသိုလ်၊ အပန်းဖြေရိပ်သာ (Recreation Center)

အလှူငွေများကို အောက်ဖော်ပြပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

ဘဏ်စာရင်းအမှတ် - 02151200201477701 (KANBAWZA BANK Ltd (KMY))

| | |
|---|---|
| ဒေါ်နုနုရီ - 09-795906099 | ဒေါက်တာသိင်္ဂီလှိုင် - 09-253033669 |
| ဒေါက်တာရဲမြင့်အောင် - 09-5403556 | ဒေါ်မေကြည်ဝင်း - 09-5003822 |
| ဒေါက်တာဉာဏ်ထွန်း - 09-5009017 | မသန္တာပြုံး - 09-5035113 |
| ဒေါက်တာမြတ်ကျော်သူ - 09-5191244 | ကိုသန်းဆွေအောင် - 09-5121249 |
| ဒေါက်တာစန်းစန်းအေး - 09-5188451 | ကိုခင်မောင်လတ် - 09-262820138 |
| ဒေါက်တာမြသန္တာအောင် - 09-5183189 | ဒေါ်စန်းစန်းရင် - 09-5036876 |

**ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၁၀)၊ မြေညီထပ် (ခေါင်းရင်းဘက်ခြမ်း)၊ (အလျား ၁၂ပေ ၅လက်မxအနံ ၅၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်း အပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်တရားဝင်ပိုင်ဆိုင်ပြီး မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ကတိပြုသူ ဦးဝင်းဟန် [၁၄/လပတ(နိုင်)၀၀၈၀၃၂]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်း၏ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်း၏ အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း (LL.B)** |
| **LL. B, A.G.T.I (EP), D.B.L, D.M.L** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၃၂)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)** | **ဦးစိုးလွင်ဦး (LL.B)** |
| **ဒေါ်ချယ်ရီလှိုင် (LL.B)** | **အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဦးရဲမြင့်၏ ရေယာဉ်ကလောင်မင်း(၂)၊ရေယာဉ်နံပါတ်(11841) လုပ်ငန်းလိုင်စင် အပိုင်း(က)၊အပိုင်း(ခ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

ဦးရဲမြင့်

(၁၂/ရကန(နိုင်)၀၁၃၆၂၆ )

မိတ္တာမေတ္တာ

ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊

တောင်ပိုင်း၊မြောက်ပိုင်း၊

ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ

ဈေးကောင်းပေးဝယ်လိုသည်။

09 422 848 224

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၉၉၆/က)၊ ခေါင်းရင်းခြမ်း၊ အလျား(၁၀)ပေxအနံ(၆၀)ပေရှိ ဦးကုလားမေဒင် အမည်ပေါက် ပါမစ်မြေကွက်မိတ္တူ (ခေါင်းရင်းခြမ်း)နှင့် ၎င်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဝေယံမင်း [၁၄/မမက(နိုင်)၂၉၂၅၁၀]မှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်ချို(ခ)ဒေါ်မြကြည် [၁၂/တမန(နိုင်)၀၃၃၄၆၄]မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေနှင့်အိမ်အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆင့်ဆင့်ဦး (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၉၉)**
**အမှတ်(၅၁)၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်းအရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ။ ဖုန်း-၀၉-၄၃၁၃၀၈၅၆**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၉/က-ရပ်ကွက်၊ မြသီတာလမ်း၊ မြေကွက်အမှတ်(၄၂၉)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိသော ဦးစိုးဝင်း မူရင်းအမည်ပေါက် မြေကွက်၏ ခေါင်းရင်းဘက်(၂၀ပေx၆၀ပေ) မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းမောင် [၁၁/မဥန(နိုင်)၀၀၃၉၅၉] ကိုင်ဆောင်သူက မိမိတရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံရောင်းချပါသဖြင့် ၎င်း(၂၀ပေx၆၀ပေ)မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအနည်းငယ်ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ဤအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ / နစ်နာစရာရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်းများနှင့်ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားပါမည်။

**ဦးနိုင်စိုး [၈/မမန(နိုင်)၁၅၇၉၀၂]၏လွှဲအပ်ချက်အရ -**
**ဦးပြည့်ခိုင် (L.L.B) အထက်တန်းရှေ့နေ(စဉ်-၄၉၇၉၇)**
**အမှတ်(၁၁၈၂)၊ တိုက်ခန်းအမှတ် (2-A) ၊ A.G.D ဘဏ်အပေါ်(ပထမထပ်)၊ ဇင်္ဂမလမ်း၊ ၂/မြောက်ရပ်ကွက် သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၀၀၉၉၃၈၇**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃၀၊ မြေကွက်အမှတ်(၁၁၁၉)၊ ငုဝါလမ်း၊ အကျယ်အဝန်း(အလျား၄၀'xအနံ၆၀')ရှိသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးအား မူလအမည်ပေါက် ဦးသိန်းမြင့် (MUN -၁၇၉၇၈၈)ထံမှ အဆက်အစပ်စာချုပ်စာတမ်းများဖြင့် လက်ရှိတရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဒေါ်မြတ်မြတ်မိုး [၉/လဝန(နိုင်)၀၄၈၉၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကိုကိုကျော်လတ် [၉/မခန(နိုင်)၁၆၂၆၈၀]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၆၄)**
**အမှတ်-၃၁၈/က၊ ဗိုလ်ခန့် (၂)လမ်း၊ (၇) ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၃၁၃၁၄၉၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၇၊မြေကွက်အမှတ်၇၀၂၊မြေကွက်တည်နေရာအမှတ်-၇၀၂၊ဟားခါးလမ်း၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ဒေါ်သောင်းစိန်(၁၂/လမန(နိုင်)၀၇၆၇၁၆)အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်စပ်ဖြင့်ဝယ်ယူပိုင်ဆိုင်သူဦးထွန်းထွန်းမင်း(၁၂/ဒဂရ(နိုင်)၀၁၄၅၄၁)မှပါမစ်မူရင်း၊(ဓါတ်ပုံပါ)၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရွှေ့ပြောင်းသူများ၏ရာဇဝင်အကျဉ်းချုပ်၊အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်း၊အမည်ပေါက်၏နိုင်ငံသားစိစစ်ရေးကတ်နှင့်အိမ်ထောင်စုစာရင်းမိတ္တူ၊အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်စပ်တို့တင်ပြ၍ဂရန်သစ်လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင်ပျဉ်+သွပ်ကာသွပ်မိုးအဆောက်အဦးတစ်လုံးရှိပြီးလျှောက်ထားသူကိုယ်တိုင်မနေအိမ်ငှားဖြစ်သူဦးဟိန်းလတ်လွင်မိသားစုနေထိုင်ပြီး၎င်းအိမ်ငှားနေထိုင်ခြင်းနှင့်ပတ်သက်၍ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းဌာနဝင်စာအမှတ်-၉၉၈၄/၁၃-၁၀-၂၀၂၂ဖြင့်လျှောက်ထားသူမှဝန်ခံကတိပြုတင်ပြထားပါသည်။သို့ဖြစ်ပါ၍ဦးထွန်းထွန်းမင်း၏ဂရန်သစ်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/က+ခ၊ မြေကွက်အမှတ် ၉၂၄၊ ၀.၀၁၉၅၈ကေ၊ မြေကွက်တည်နေရာအမှတ် (၉၉)၊ မာလာမြိုင်(၆)လမ်း၊ (၁၆)ရပ်ကွက်၊ ဒေါ်မြတင် (အေအေ-၀၃၆၀၃၅)၊ အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေအား အမည်ပေါက် (မိခင်)ဖြစ်သူ ဒေါ်မြတင်သည် (၁၀-၇-၂၀၂၂)ရက်နေ့တွင်လည်းကောင်း၊ (ဖခင်)ဖြစ်သူ ဦးစိန်သန်းသည်(၆-၇-၂၀၁၉)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်ငွေငွေဝင်း [၁၂/လမန(နိုင်)၀၁၄၃၆၃]၊ ဒေါ်ကြည်ကြည်ဝင်း [၁၂/လမန(နိုင်)၀၃၇၉၉၅]၊ ဒေါ်လှဲ့လှဲ့ဝင်း[၁၂/လမန(နိုင်) ၁၁၉၇၁၈]နှင့် ဦးညီညီမင်း[၁၂/လမန(နိုင်)၁၀၁၂၄၈]တို့က ကွယ်လွန်သူ မိခင်၊ ဖခင်တို့တွင် မိမိတို့ မောင်နှမ(၄)ဦးသာ မွေးဖွားခဲ့ပြီး အခြားသော သားသမီး/မွေးချင်း တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမ သားသမီးများလည်း မွေးစားထားခြင်း လုံးဝမရှိပါကြောင်း၊ (၁၂-၉-၂၀၂၂)ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသော ကျမ်းကျိန်လွှာ(၁)စောင်၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်(မူရင်း)၊ ဒေါ်မြတင်၏သေစာရင်းနှင့် ဦးစိန်သန်း၏ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၉/၁၁)၊ ၇-လွှာ၊ (ညာ)နေ ဒေါ်သန်းဖြူဖြူဖွေးဖွေးလေး[၁၂/ဒဂတ(နိုင်)၁၀၀၇၀၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းဖြူဖြူဖွေးဖွေးလေးသည် ဦးလှဦး [၁၂/ဒဂန(နိုင်)၀၂၆၀၄၂] ကိုင်ဆောင်သူ နှင့် လွန်ခဲ့သော (၂၀၁၅)ခုနှစ်တွင် လူကြီးမင်းများရှေ့၌ အစ္စလာမ်ဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ထိမ်းမြား၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ မဟုတ်မမှန်သော စကားများ ပြောဆိုခြင်းအား မည်သူမဆို ပြုလုပ်ခဲ့ပါက ထိုသို့ပြုလုပ်သူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းဖြူဖြူဖွေးဖွေးလေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဖြူမင်း (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၂၈၁၈၈)**
**ဖုန်း-၀၉-၄၀၄၆၂၆၉၃၁၊ ၀၉-၇၈၆၉၃၀၅၁၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်( ၄၀၆ )၊ မြေကွက်တည်နေရာအမှတ်-၄၀၆ ၊ ဦးအောင်ဇံဝေလမ်း၊ ၃၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးခင်မောင်ရင် (D/RGN - 003683) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးခင်မောင်ရင်သည်(၂၄-၇-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ကြောင်း၊ ဦးခင်မောင်ရင်တွင် ဒေါ်မြင့်မြင့်သန်း (ပထမဇနီး)နှင့် ဒေါ်ခင်ဝင်း(ဒုတိယဇနီး)တို့(၂)ဦးရှိကြောင်း၊ ဦးခင်မောင်ရင်နှင့် ဒေါ်မြင့်မြင့်သန်း (ပထမဇနီး)တို့မှ ဦးဇော်ထူး၊ ဒေါ်ကေသီခင်၊ ဒေါ်ရွှေစင်ခင်တို့ မောင်နှမ(၃)ဦးတည်းကိုသာမွေးဖွားခဲ့ပြီး၊ အခြား သော သားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိကြောင်း၊ (ပထမဇနီး)ဒေါ်မြင့်မြင့်သန်းသည်(၁-၈-၂၀၂၁)ရက်နေ့တွင်ကွယ်လွန်ခဲ့ကြောင်းနှင့် ဦးခင်မောင်ရင်နှင့် ဒေါ်မြင့်မြင့်သန်း(ပထမဇနီး)တို့မှမွေးဖွားသည့် သားသမီး( ၃ )ဦးအနက်မှ ဦးဇော်ထူးသည်(၂၈-၂-၂၀၀၁)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိဘဲ ကွယ်လွန်သွားခဲ့ကြောင်း၊ ဦးခင်မောင်ရင်၊ ဒေါ်ခင်ဝင်း(ဒုတိယဇနီး)တို့မှ ဒေါ်ဝိုင်းမို့မို့ယဉ်၊ ဦးအောင်ခင်မင်းတို့မောင်နှမ(၂)ဦးမွေးဖွားခဲ့ကြောင်း၊ အခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိကြောင်း၊ (ဒုတိယဇနီး)ဒေါ်ခင်ဝင်းသည်(၁၄-၁၂-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားခဲ့သဖြင့် သားသမီးများဖြစ်သော ဒေါ်ကေသီခင် [၁၂/စခန(နိုင်)၀၄၆၃၃၁]၊ ဒေါ်ရွှေစင်ခင် [၁၂/စခန(နိုင်)၀၀၀၀၃၃]၊ ဒေါ်ဝိုင်းမို့မို့ယဉ် [၁၂/တမန(နိုင်)၁၁၆၈၃၈]၊ ဦးအောင်ခင်မင်း [၁၂/တမန(နိုင်)၁၁၆၈၄၀]၊ ၎င်းတို့မောင်နှမ(၄)ဦးသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ဖခင်)ဦးခင်မောင်ရင်၏ သေဆုံးမှုလက်မှတ်၊ (မိခင်)ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခင်ဝင်းတို့၏သေဆုံးမှုလက်မှတ်၊ ဦးဇော်ထူး၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (သကမ-၁၄)၊ (၁၅)ရပ်ကွက်၊ မာလာလမ်းသွယ်၊ အမှတ်(၉၀၉/ခ)၊ အကျယ်အဝန်း(၂၀x၆၀)ပေအကျယ်ရှိ မြေကွက်အား ဦးထွန်းသန်း [၁၂/မဂတ(နိုင်)၀၇၆၇၇၃] အမည်ဖြင့် မြေချပါမစ် အမည်ပေါက်ပြီး အဆိုပါမြေကွက်အား (၈-၁၂-၂၀၂၂) ရက်တွင် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငြိမ်းသူဟန် [၁၄/ကပန(နိုင်)၂၃၂၁၅၂] ကိုင်ဆောင်သူမှ စရန်တစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအစုံအလင်ဖြင့် အောက်ပါလိပ်စာများသို့ လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် (၁၄)ရက်အတွင်း အောက်ပါလိပ်စာများသို့ လာရောက်ဆက်သွယ် ကန့်ကွက်ခြင်းမရှိပါက အဆိုပါမြေကွက်အား ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ငြိမ်းသူဟန်** | **ဒေါ်မေသဇင်ဦး (LL.B)** |
| **ဖုန်း-၀၉- ၇၉၄၁၀၆၁၀၀** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၇၆၂၆/ ၂၁-၁၂-၂၀၂၁)** |
| | **အမှတ်(၆၇၈/က)၊ မြကန်သာလမ်း၊** |
| | **(၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။** |
| | **Ph:09-252298615,09-779996172** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၃၈၅/ခ)၊ အကျယ်အဝန်း(၁၂၀၀စတုရန်းပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃၈၅/ခ)၊ ဒေဝဒဟ(၃၈)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးအုန်းမြင့်[၁၂/ဥကတ(နိုင်)၀၄၉၅၅၈]အမည်ပေါက်ပြီး၊ ယင်းအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားကြောင်း ဖွင့်ဟပြောဆိုဝန်ခံသူ ဒေါ်ဝင်းမြင့်[၁၂/ဥကတ(နိုင်)၀၁၃၈၇၁] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ**
**LL.B , M.A (Business Law) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၁၆၃၄၀၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅
### ဒဂုံမြို့သစ်ခရိုင်တရားရုံး
### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၉၃

| | | |
|---|---|---|
| ဦးသန်းဝင်း | နှင့် | ၁။ ဦးဇော်ဇေယျမျိုး(ခ) ဦးဇော် |
| | | ၂။ ဦးမင်းလွင် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ ချမ်းသာရွှေပြည်အိမ်ရာ၊ ဆပ်သွားဖူးလမ်း၊ အမှတ်(F/၆၄)နေ ဦးဇော်ဇေယျမျိုး(ခ)ဦးဇော်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "တရားလို၏ဇနီး ဒေါ်နှင်းစမ်းအမည်ဖြင့် ဝယ်ယူထားသည့်မြေကွက်ကို မြေအမည်ပေါက် ပြုလုပ်ပေးမည်ဟု ဂရန်မူရင်း၊ မြေချပါမစ်မူရင်း ဆက်စပ်စာချုပ်မူရင်းများကို တရားပြိုင်မှ လက်ခံရယူပြီး ပြန်လည်ပေးအပ်ခြင်းမရှိသဖြင့် တရားပြိုင် လက်ဝယ်ရှိ အမှတ်(၁/၉)၊ အနော်ရထာလမ်း၊ (၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၃၈ x ၆၀)ပေရှိ ဦးအောင်ကြိုင်အမည်ပေါက်မြေကွက်သည် တရားပြိုင်များနှင့် သက်ဆိုင်မှုမရှိကြောင်း မြွက်ဟကြေညာပြီး ဂရန်မူရင်းပြန်လည်ရလိုမှုနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၃၈)ရပ်ကွက်ရှိ (၄၀ x ၆၀)ပေ မြေကွက်များဖြစ်သော အမှတ်(၂၁၉)၊(၂၇၂)၊ (၅၄၆)မြေကွက်များ၏ မြေချပါမစ်မူရင်း၊ ဆက်စပ်စာချုပ်မူရင်းများနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၀၈)ရပ်ကွက်၊ အမှတ်(၂၇၅) (၄၀x၆၀)ပေ မြေကွက်၏ မြေချပါမစ်မူရင်း၊ ဆက်စပ်စာချုပ်မူရင်းများကိုတရားလိုဇနီး ဒေါ်နှင်းစမ်းအမည်ပေါက် ပြုလုပ်ထားခြင်းမရှိပါက ဒေါ်နှင်းစမ်းဝယ်ယူထားသော မြေကွက်(၅)ကွက်နှင့် ပတ်သက်သော အရောင်းအဝယ်ပြုခဲ့သည့် မြေကွက်တန်ဖိုး ငွေကျပ်သိန်း(၅၀၀) နှင့် မမှန်မကန် လိမ်လည်ပြုလုပ်မှုများကြောင့် ကုန်ကျစရိတ် နစ်နာကြေးငွေကျပ်သိန်း (၁၀၀)၊ စုစုပေါင်း ကျပ်သိန်း(၆၀၀)ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ(၂၇)ရက်နေ့ (၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်)နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၆)ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောအောင်ထူး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆၉

(၁)ဦးဇော်ဝင်း၊ (၂)ဒေါ်သင်းသင်းမော် --------------- လျှောက်ထားသူ

ကွယ်လွန်သူ ဦးကိုလေး၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့် အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၁၉၁)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၄-ဒီ၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်- III-၁၈၊ ဧရိယာ(၀.၀၂၉)ကေရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နေ (၁) ဦးဇော်ဝင်း၊ (၂) ဒေါ်သင်းသင်းမော်တို့က ၎င်းနေရပ်လိပ်စာတွင် အမြဲနေထိုင်ခဲ့ပြီး လွန်ခဲ့သည့် (၂-၈-၂၀၂၁ )ရက်နေ့တွင် ကွယ်လွန်သူ ဦးကိုလေး၏ တူ/တူမဖြစ်ကြောင်း၊ အမွေထိန်းလက်မှတ် ရထိုက်ကြောင်း စစ်ဆေးပေါ်ပေါက်၍ (၉-၁၁-၂၀၂၂)ရက်နေ့တွင် သဃ်န်းကျွန်းခရိုင်တရားရုံးတော်မှ အမွေထိန်းလက်မှတ်စာထုတ်ပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးဇော်ဝင်း၊ ဒေါ်သင်းသင်းမော်သည် (၂၄-၁၁-၂၀၂၂)ရက်နေ့တွင် သဃ်န်းကျွန်းခရိုင်တရားရုံးတော်၌ ၎င်းလက်ရှိ ထိန်းသိမ်းထားသော အမွေထိန်းလက်မှတ်ပါ ပစ္စည်းများအား အမွေဆက်ခံခွင့် အက်ဥပဒေပုဒ်မ- ၃၀၇ အရ ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် ရုံးတော်သို့ လျှောက်ထားလာပါသည်။

၎င်းအမှုအရေးတွင် ရုံးတော်သို့ လာရောက် ကန့်ကွက်ရန်သက်ဆိုင်သည်ဟု ထင်မြင်လျှင် မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ နည်းလမ်းတကျအခွင့်အာဏာလွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ (၁၉-၁၂-၂၀၂၂)ရက်နေ့ နံနက် (၁၀:၀၀)နာရီတွင် ဤရုံးတော်သို့ လာရောက်ရန် ဆင့်ဆိုလိုက်သည်။ အဆိုပါ နေ့ရက်တွင် လျှောက်ထားသူ၏ လျှောက်လွှာကို ကြားနာဆိုင်ပြိုင်၍ ၎င်း၏အမွေထိန်းလက်မှတ်စာပါ ပစ္စည်းများအား အမွေ ဆက်ခံခွင့်အက်ဥပဒေပုဒ်မ ၃၀၇ အား ဆက်လက်ဆောင်ရွက်ခွင့် ရှိမရှိ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်ထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆စီ)၊ မြေကွက်အမှတ် (၂၇အေ- ၂/၃)၊ ဧရိယာ (၀.၂၀၀)ကေ၊ မြေကွက်တည်နေရာ အမှတ် (၁၁၁/A-1)၊ တက္ကသိုလ်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ အမည်ပေါက် ဒေါ်ခင်အုန်းမြင့် [၁၂/မရက(နိုင်) ၀၆၈၉၈၆] (AB-041888) အမည်ပေါက်၊ မြေအမျိုးအစား- မြေပိုင်မြေ (မစိုက်ပျိုးမြေ) အား အမည်ပေါက်ဖြစ်သူ (မိခင်) ဒေါ်ခင်အုန်းမြင့်သည် (၁၁-၅-၂၀၂၀)ရက်တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးတင်မောင်သည် (၁-၈-၂၀၁၁)ရက်တွင်လည်းကောင်း၊ သမီးတစ်ဦးဖြစ်သူ ဒေါ်နီနီတင်သည် (၄-၈-၂၀၂၁)ရက်တွင် အပျိုကြီးဘဝဖြင့် အသီးသီးကွယ်လွန်၍ ကျန်သား/သမီးများဖြစ်ကြသည့် ဒေါ်ဦးဦးတင် [၁၂/မရက(နိုင်)၀၆၈၈၅၁]၊ ဒေါ်စုစုတင် [၅/ဆလက(နိုင်)၀၂၂၁၅၉]၊ ဦးကျော်မြင့်မောင် [၁၂/မရက(နိုင်) ၀၆၈၈၅၀]၊ ဦးရှိန်မြင့်မောင် [၁၂/မရက(နိုင်) ၀၆၈၇၃၀]တို့မှ အခြားသောသားသမီး၊ မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိကြောင်းနှင့် ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်း လုံးဝမရှိပါကြောင်း၊ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတို့မောင်နှမ (၄)ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၃၃၇/၂၀၂၂ (၁၂-၁၀-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ အမည်ပေါက် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် (၄၄/၃၀-၁-၁၈၈၁)၊ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

မွန်ပြည်နယ်၊ ရေးမြို့၊ Wonderland (ကိုယ်ပိုင် မူလတန်းကျောင်း)၊ Grade-1မှ (အဖ) ဦးမင်းမင်းစိုး [၁၀/ရမန(နိုင်) ၁၅၈၂၁၅]၏သား မောင်သုတထူးဇော်အား မောင်ခန့်ထူးဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ခန့်ထူးဇော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်နေ ဒေါ်နှင်းယုခိုင် [၁၂/မဂတ(နိုင်)၁၀၅၀၅၇]၏ ဖခင် ဦးကာဒါရ်ဟူစိန်နှင့် ဦးကာဒါဟူစိန် [၁၂/မဂတ(နိုင်)၀၂၅၂၂၈] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကာဒါရ်ဟူစိန်(ခ)**
**ဦးကာဒါဟူစိန်**

ရတနာ

သစ်တော

ပြည့်သွေး

ကြော

သစ်တော

ရတနာ

ထိန်းသိမ်း

ပါ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဦးဖီးလမ်း၊ အမှတ်-၂/၄ (ဒုတိယထပ်)၊ (၃-လွှာ)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၂၅x၆၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပြောက်စနစ်ဖြင့်ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဒေါ်စွဲ့ခမ်းနွယ် [၁/ပတအ(နိုင်)၀၂၆၆၄၇]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွန့်** |
| **(BSc,DA,HGP,R.L,DBL,DML,DIL)** | **(LL.B)** | **(BA,HGP,R.L,DBL,DML,DIL)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၃၁၇၃)** | **(စဉ်-၁၀၀၆၃)** | **(စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၉၈၈၂၇၅၉၀၊ ၀၉-၄၂၀၃၅၉၆၃ ၀၉-၅၀၅၃၁၀၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ကျွန်း/တောလမ်း၊ အမှတ်-၆၊ (၆-လွှာ/အေ)တိုက်ခန်းတစ်ခန်းနှင့် ရေ၊မီးအပါအဝင် အကျိုးခံစားခွင့်များကို အပြောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်များဖြစ်သော Dr.မြင့်ကေသီခိုင် [၁၂/စခန(နိုင်)၀၂၆၂၆၀]နှင့် ဒေါ်စုမြတ်ကေသီခိုင် [၁၂/စခန(နိုင်)၀၀၀၃၄၇]တို့အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွန့်** |
| **(BSc,DA,HGP,R.L,DBL,DML,DIL)** | **(LL.B,D.B.L)** | **(BA,HGP,R.L,DBL,DML,DIL)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၃၁၇၃)** | **(စဉ်-၁၅၉၇၅)** | **(စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ ၀၉-၇၉၀၁၂၃၄၈၀ ၀၉-၅၀၅၃၁၀၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ည)၊ ရေ(၉)လမ်း၊ မြေကွက်အမှတ် (၁၅၆/A)၊ ဧရိယာ (၂၀´ × ၆၀´) အကျယ်အဝန်းရှိ ဦးသိန်းဝင်း (၁၂/ဥကမ (နိုင်) ၀၅၆၇၁၅) အမည်ပေါက်နှစ် (၆၀) ဂရန်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ည) ၊ ရေ (၉) လမ်း၊ မြေကွက်အမှတ် (၁၅၆/B)၊ ဧရိယာ (၂၀´ × ၆၀´) အကျယ်အဝန်းရှိ ဒေါ်ယဉ်ယဉ်ထွေး (၁၂/ဥကမ (နိုင်) ၀၅၆၅၇၀) အမည်ပေါက်နှစ် (၆၀) ဂရန်မြေကွက် (၂) ကွက်နှင့် ယင်းမြေကွက် (၂) ကွက်ပေါ်ရှိ အိမ်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အားလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်များထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍အရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ ) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်အိအိခင် ( စဉ်-၉၇၉၅ )** ( LL.B, LL.M, D.M.L )

**ဒေါ်ကေခိုင်ဝန်း ( စဉ်-၁၇၄၇၁ )** ( LL.B )

**တရားလွှတ်တော်ရှေ့နေများ**

အမှတ် (၂၃၈)၊ အနော်ရထာလမ်း၊ (၈) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၅၀၀၃၄၁၀၆ ၊ ၀၉ ၄၂၁၁၂၀၅၉၄

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဇုန်(၇)၊ ကုန်ဘောင်လမ်းသွယ်(၂)လမ်း၊ အမှတ်(၁၀၀/အေ)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးနိုင်[၁၄/ဝခမ(နိုင်) ၀၂၀၁၁၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်[သောင်းကြီး(မြောက်)၅]၊ အမှတ်(၄၉၆/က) (တစ်နည်းအားဖြင့်) အမှတ်(၄၉၆/က)၊ ပတ္တမြားရတနာ(၂)လမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျယ် (၂၀ပေ x ၆၀ပေ)ရှိ ဦးစိုးနိုင်(ISN- ၅၇၉၂၇၁) အမည်ပေါက် ပါမစ်မြေ၊ မြေနှင့်မြေပေါ်ရှိအဆောက်အဦအား အပြီးအပိုင်ရောင်းချသူ ဦးဇော်လွင် [၁၃/ကဟန(နိုင်)၀၂၆၃၀၇]မှ စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လာပြီး ၎င်းသာလျှင် လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိ ကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဲသဲဦး(LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၇၇/၂၀၂၂)၊**
**အမှတ်(၂၀)၊ နေလအိမ်ရာ၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၄၅၄၈၄၈၁၊ ၀၉-၉၇၅၄၈၉၈၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ်-၁၄၃၃၊ အကျယ်အဝန်း- ၄၂ပေxပေ၆၀၊ (၀.၀၅၈)ကေရှိသော မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော ၂၁ပေxပေ၆၀ ရှိသော မြေကွက်ကို မျက်နှာမူလျှင်ညာဘက်ခြမ်း၊ ဦးထွန်းလှခိုင် အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အိမ်အမှတ်- ၁၄၃၃(ခ) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်သူ ဒေါ်ငွေးငွေးစု [၁၂/ဗဟန (နိုင်)၀၆၇၇၄၁]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်တင်စုဝေ (LL.B,D.B.L,M.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၂၈)**
**အမှတ်- ၁၅၀၊ မိုးမြင့်စံကွန်ဒို၊ ရန်ကုန်-အင်းစိန်လမ်းမ၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၅၂၆၅၅၆၅၈၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၂၆၅၃၈၈၇၅၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်- ၁၃၊ ဧရိယာ(၀.၅၅)ဧကေ၊ မြေကွက်တည်နေရာ-အမှတ်(၁၃)၊ သမိန်ဗရမ်းလမ်း၊ ၃-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးစိန်မြင့် (MUN-၁၂၄၆၂၆)သည် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးစိန်မြင့် (MUN-၁၂၄၆၂၆)သည် (၁၈-၈-၂၀၁၈)ရက်နေ့တွင်လည်းကောင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်စန်းဝင်း ( B/RGN- ၀၂၀၄၃၅)သည် (၂၇-၆-၂၀၀၇)ရက်နေ့တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်သွားပါသဖြင့် ဒေါ်ဝင်းဝင်းခိုင် [၁၂/ လသယ(နိုင်)၀၁၇၀၈၄]၊ ဦးဝင်းနိုင်[၁၂/ကမရ(နိုင်)၀၀၁၄၉၂]၊ ဒေါ်စန္ဒာဝင်း[၁၂/ကမရ(နိုင်)၀၀၁၅၀၇]၊ ဒေါ်ခင်စန်းနွယ်[၁၂/လသယ(နိုင်)၀၂၇၁၅၂]၊ ဒေါ်ဝင်းဝင်းထွေး[၁၂/လသယ(နိုင်)၀၃၀၉၂၃]တို့မှ သားသမီးတော်စပ်ကြောင်း၊ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်မျှ အမွေဆက်ခံ ပိုင်ဆိုင်ခွင့်မရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ဒေါ်ဝင်းဝင်းခိုင်၊ ဦးဝင်းနိုင်၊ ဒေါ်စန္ဒာဝင်း၊ ဒေါ်ခင်စန်းနွယ်တို့ထံမှ ကိုယ်စားလှယ်လွှဲစာ အမှတ်- ၁၄၄၅၃/၂၂၊ (၁၆-၈-၂၀၂၂)ဖြင့် GP ရရှိသူ ဒေါ်ဝင်းဝင်းထွေး [၁၂/လသယ(နိုင်)၀၃၀၉၂၃]မှ ၎င်းကိုယ်တိုင်နှင့် ကျန်မောင်နှမများ ကိုယ်စား ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းတောင်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်- ၃၁၊ (၅)လွှာ(အေ)၊ အခန်းဧရိယာ (၁၂x၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယုဇနဖြူဝင်း [၁၂/ပဇတ(နိုင်) ၀၂၈၅၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မျိုးသန့် [၆/ပလန(နိုင်) ၀၆၃၅၉၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်မျိုးသန့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော်နိုင် (ဘဏ်) - LL.B, D.B.L**
**အထက်တန်းရှေ့နေ(စဉ်-၃၇၅၂၈)**
**အမှတ်-၃၅- ဂျေ၊ ခိုင်ရွှေဝါလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉- ၂၅၈၅၄၅၇၇၉၊ ၀၉- ၉၇၆၄၆၆၁၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်အိမ်ရာဝင်းအတွင်းရှိ City Loft (4လွှာ) CL6, (410)B5 ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအောင်သန်းကြည် [၁၄/ပသန(နိုင်) ၁၃၃၆၇၀] မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်ကဝယ်ယူရန်အတွက် ရောင်းဖိုးငွေကို စရန်ငွေပေးချေထားပြီး လက်ဝယ်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအမည်ပေါက်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်လေးလေးစန္ဒာ**
**City Loft, CL6, 512**
**Starcity ကြယ်စင်အိမ်ရာဝင်း**
**သန်လျင်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09- 958495554**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၄၁/၂)၊ မြေကွက်အမှတ် (၁၉၂)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်အေးအေးမူ အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် ဦးအောင်လွင် [၁၂/ဒဂတ(နိုင်) ၀၀၅၀၆၀]မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆို၍ ရောင်းချရန် ကမ်းလှမ်းရာ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုယုနွယ် (LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၅၈)**
**အမှတ်(၁၃၂၇/က)၊ အေးရိပ်သာ (၇)လမ်း၊ (၄၃) ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-450065273**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၉

| | | |
|---|---|---|
| ဒေါ်ခင်စန်းအေး | နှင့် | ဦးဇမောင် |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၉၁၂/ခ)နေ ဦးဇမောင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ (၁၃၈၄ ခုနှစ်၊ နတ်တော်လဆုတ် ၉ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းထက်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**❖ လက်နက်ကိုင်ပဋိပက္ခများ၊ သဘောထားကွဲလွဲမှုများဖြင့် ဒေသနှင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်၍မရနိုင်သည်ကို နားလည်သဘောပေါက်၍ ငြိမ်းချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်...**

**❖ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် ငြိမ်းချမ်းရေးဆိုင်ရာ လက်တွေ့တိုးတက်မှုတစ်ခုကို ပုံဖော်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ်ပြောကြားမှုမှ ကောက်နုတ်ချက်)

## ပုဂံယဉ်ကျေးမှုဒေသမှ ဟိုတယ်များ ခရီးသွားရာသီတွင် ဝန်ဆောင်မှုကောင်းများပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထား



ရန်ကုန် ဒီဇင်ဘာ ၉

ဒီဇင်ဘာနှစ်သစ်ကူးကာလနှင့် ပွဲတော်ကာလတွင် မြန်မာတို့၏အသည်းနှလုံးဖြစ်သော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဟိုတယ်များသည် ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် ဝန်ဆောင်မှုကောင်းများပေးနိုင်ရန် အပြိုင်အဆိုင် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့စုဝေးရာ ပုဂံဒေသတွင် ခရီးသွားလုပ်ငန်းများရပ်နားထားခဲ့ရပြီး ယခုနှစ်၌ နိုင်ငံတော်မှ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပြန်လည်မြှင့်တင် ဆောင်ရွက်ခဲ့ရာ သီတင်းကျွတ်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလမှစတင်၍ ဘုရားစေတီများ၊ ပုဂံ၊ အင်းလေး၊ ပင်းတယနှင့် အပန်းဖြေစခန်းများတွင် ခရီးသွားများ စည်ကားခဲ့ပြီး ဒေသခံတို့၏ စီးပွားရေး အခွင့်အလမ်းများ ပွင့်လမ်းခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ✽

**ယနေ့ ဖတ်စရာ**

**နိုင်ငံ့စီးပွားတိုးတက်စေဖို့ MSME လုပ်ငန်း တက်ညီလက်ညီ ဆောင်ရွက်စို့**

ဆောင်းပါး စာမျက်နှာ » ၆

**ခေတ်နှင့်အညီ ပြန်လည်သတင်းပို့ခြင်း လုပ်ကြစေချင်**

ဆောင်းပါး စာမျက်နှာ » ၁၁

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘင်္ဂါလီဒုက္ခသည်စခန်းမှ ထွက်ခွာလာသူများအား ကယ်ဆယ်ရေးဆောင်ရွက်ပေး**

စာမျက်နှာ » ၁၅

## ဒီဇင်ဘာ ၁၁ ရက်မှစ၍ ရန်ကုန်-မော်လမြိုင်-ရန်ကုန်လေအိတ်တွဲဆိုင်း ညအမြန်ရထား ထပ်မံတိုးချဲ့ ပြေးဆွဲသွားမည်

နေပြည်တော် ဒီဇင်ဘာ ၉

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှစ၍ ရန်ကုန်-မော်လမြိုင်-ရန်ကုန် လေအိတ် တွဲဆိုင်း ညအမြန်ရထားကို နေ့စဉ်ထပ်မံတိုးချဲ့ ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ထိုသို့ ပြေးဆွဲရာတွင် ဒီဇင်ဘာ ၁၁ ရက် ည ၈ နာရီတွင် အမှတ်(၈၁) အဆန်ရထားသည် ရန်ကုန်ဘူတာမှလည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက် ည ၈ နာရီတွင် အမှတ်(၈၂)အစုန်ရထားသည် မော်လမြိုင်ဘူတာမှ လည်းကောင်း အသီးသီးစတင် ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်မှ ထွက်ခွာလာသည့်ရထားသည် မော်လမြိုင်ဘူတာကြီးသို့ နံနက် ၅ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ မော်လမြိုင်မှ ထွက်ခွာလာသည့် ရထားသည် ရန်ကုန်ဘူတာကြီးသို့ နံနက် ၅ နာရီ ၅၅ မိနစ်တွင် လည်းကောင်း

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒

## ပါရီအိုလံပစ် အမျိုးသမီးဘောလုံးခြေစစ်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်မည်

ရန်ကုန် ဒီဇင်ဘာ ၉

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံး အာရှဇုန်ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ပါရီအိုလံပစ် အာရှဇုန်ခြေစစ်ပွဲများကို ၂၀၂၃ ခုနှစ်အတွင်း အပြီးကျင်းပမည်ဖြစ်ပြီး အဆင့်သုံးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်သည်။ အာရှ ဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲအဆင့်အလိုက် ကျင်းပမည့်ကာလများ ထုတ်ပြန်ထားပြီး ခြေစစ်ပွဲကျင်းပမည့်ပုံစံနှင့် ပါဝင်ယှဉ်ပြိုင်မည့်အသင်းများကို ထပ်မံ

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○

